## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၅၅)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ သောကြာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## အထူးမိုးလေဝသသတင်း

**နေပြည်တော် စက်တင်ဘာ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာလ ၁၉ ရက် ညနေ ၅ နာရီခွဲအချိန်ထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့် အပူပိုင်းမုန်တိုင်း "ဆိုးလစ်ခ်(SOULIK)"သည် ယနေ့ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဒါနန်းမြို့ (Da Nang)၏ မြောက်ဘက်မှ ဖြတ်ကျော်လျက်ရှိပါသည်။

စက်တင်ဘာလ ၂၀ ရက်တွင် အကြွင်းအကျန် တိမ်တိုက်များနှင့် လေပွေလှိုင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်နိုင်ပါသည်။

အဆိုပါလေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာလ ၂၀ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ **စာမျက်နှာ ၁၅ ကော်လံ ၁** ◆

## ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း စာ - ၅ သို့

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းနှင့်တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ



ရန်ကုန်-မန္တလေးရထားလမ်း၊ သပြေတောင်းနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့်တံတားများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကိုတွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

တိုင်ဖွန်းမုန်တိုင်း"ရာဂီ"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတို့နှင့်ဆက်စပ်သည့် ရန်ကုန်-မန္တလေးရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများအား ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် **စာမျက်နှာ ၁၅ ကော်လံ ၁** ❐

ရေလွှမ်းမိုးမှုလျော့ပါးသက်သာစေဖို့ ကြိုတင်ကာကွယ်ကြပါစို့ ဆောင်းပါး စာ - ၁၃ သို့
ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့် အစီအစဉ်များ အသိပေးကြေညာခြင်း စာ - ၂၄ သို့
အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက် စာ - ၁၀ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်)

# သဘာဝဘေးအန္တရာယ်နှင့်ကျန်းမာရေး

ရေကြီးရေလျှံဖြစ်ပွားပြီးနောက် ရေများပြန်လည်ကျဆင်းသွားသည့်နေရာများတွင်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာဝန်ထမ်းပါဝင်သောအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါသန့်ရှင်းရေးဆောင်ရွက်ပေးသည့်နေရာတိုင်းတွင် ရွှံ့ညွန်များ၊ အမှိုက်သရိုက်များကိုတွေ့မြင်ရသည်။ ရေကြီးခြင်းသည် မြေအောက်ရေ၊ မြစ်များနှင့်ကမ်းရိုးတန်းရေများ လျှံတက်လာသည့်အခါတွင်လူနှင့်တိရစ္ဆာန်တို့၏စွန့်ပစ်ပစ္စည်းများ၊ မိလ္လာများသည် ရေလွှမ်းမိုးမှုနှင့်အတူပါရှိလာသည်။ ညစ်ညမ်းသောရေနှင့်ထိတွေ့ရသောကြောင့်ရေမှတစ်ဆင့် ကူးစက်နိုင်သောရောဂါများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အူလမ်းကြောင်းပိုးဝင်ခြင်း၊ တိုက်ဖွိုက်အဖျားရောဂါနှင့် အသည်းရောင်အသားဝါအရောဂါတို့ကိုဖြစ်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အဆိုပါညစ်ညမ်းသောရေနှင့်ထိတွေ့မိသောသူတွင် အရေပြားဒဏ်ရာရရှိထားပါက ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေသည်။ ဒဏ်ရာရရှိထားသောအရေပြားနှင့် ထိတွေ့သော ကြွက်ကျင်ငယ်ရည်နှင့်ညစ်ညမ်းသောရေမှတစ်ဆင့် ကူးစက်တတ်သည့် Leptospirosis ကဲ့သို့သော ရောဂါများဖြစ်စေနိုင်သည်။ ကမ်းရိုးတန်းနှင့်ရေကြီးရေလျှံဖြစ်သည့်ဒေသများတွင် သောက်သုံးရေထဲသို့ဆားငန်ရည် ဝင်ရောက်ခြင်းကြောင့် သွေးတိုးရောဂါနှင့်ကိုယ်ဝန်အဆိပ်တက်ရောဂါများလည်းဖြစ်နိုင်ခြေရှိသည်။ ရေကြီးရေလျှံဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်ကြရသည့်အခါ လူစုလူဝေးများတွင် ကူးစက်နိုင်သောရောဂါများဖြစ်သည့် ဝက်သက်နှင့်ဦးနှောက်အမြှေးရောင်ရောဂါများအဖြစ်များပြီး ပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများရရှိနိုင်သည်။

အထူးသဖြင့် အသက်ငါးနှစ်အောက်ကလေးများတွင် နာမကျန်းဖြစ်မှုနှင့် အသက်ဆုံးရှုံးသူများမှာပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့်ဖြစ်သည်။ မိုးရွာသွန်းမှုနှင့် စိုထိုင်းဆများသည့် အခြေအနေကြောင့်ခြင်ပေါက်ပွားမှုများပြားလာပြီး သွေးလွန်တုပ်ကွေး၊ ဂျပန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါများ ကူးစက်နိုင်ခြေမြင့်မားသည်။

ရေကြီးရေလျှံခြင်းကြောင့်ဖြစ်ပေါ်လာသောရေများမှာ သန့်ရှင်းမှုမရှိသောရေများဖြစ်ပေရာ အဆိုပါညစ်ညမ်းသောရေနှင့်ထိတွေ့ပါက အရေပြားယားယံခြင်း၊ နီမြန်းခြင်း၊ ပွေး၊ ဝဲ၊ ယားနာနှင့်အရေပြားဒဏ်ရာပိုးဝင်ခြင်း၊ အရေပြားမှိုပိုးကူးစက်ခြင်းတို့ကို ခံစားရနိုင်သဖြင့် အချိန်မီကုသရန်လိုအပ်သည်။ ဂရုတစိုက်ကုသရန်ပျက်ကွက်ခဲ့ပါက ဒဏ်ရာများပိုးဝင်ခြင်းကြောင့် ဖျားနာခြင်း၊ မေးခိုင်ပိုးဝင်ခြင်းကြောင့် သေဆုံးခြင်းတို့ဖြစ်နိုင်သည်။ လူတိုင်းအတွက်နေ့စဉ်လိုအပ်သည်မှာ သန့်ရှင်းသောသောက်သုံးရေဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်ပွားသည်နှင့်အတူ ရေများ၏သန့်ရှင်းမှုမှာလည်းလျော့နည်းသွားနိုင်သည်။ သောက်ရေသုံးရေတွင် အနံ့အရသာထူးထူးခြားခြားဖြစ်နေပါက သုံးစွဲခြင်းမပြုကြရန်ဖြစ်သည်။ သောက်သုံးရန်၊ အစားအစာချက်ပြုတ်ရန်၊ ရေချိုးရန်အတွက် ညစ်ညမ်းနိုင်ခြေရှိသောရေကိုအသုံးမပြုခြင်းဖြင့် ကျန်းမာရေးကိုဂရုစိုက်ကြရန်ဖြစ်သည်။

လူတိုင်းအတွက် ကျန်းမာရေးတွင် သောက်သုံးရေသာမက အစားအသောက်များကိုလည်း အထူးသတိပြုစားသုံးရမည်ဖြစ်သည်။ စက်တင်ဘာလ ၁၇ ရက်ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ချောင်းခြားကျေးရွာနှင့်စက်တင်ဘာလ ၁၈ ရက်နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝက်ဖြုကုန်းကျေးရွာတို့တွင် အစားအဆိပ်သင့်မှုများဖြစ်ပွားခဲ့ကြောင်း ကြားသိခဲ့ရသည်။

သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အချိန်မီဆောင်ရွက်လျက်ရှိပြီး ရောဂါပြန်လည်သက်သာကောင်းမွန်သူများလည်းရှိကြောင်း သိရှိရပါသည်။ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းလိုက်သော အစားအသောက်များကို ရေဘေးသင့်ပြည်သူများအနေဖြင့် ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများပေါက်ပွားရှင်သန်စေသဖြင့် စားသုံးရန်မသင့်သည့်အခြေအနေများသို့ရောက်ရှိစေခြင်းဖြစ်သည်။

ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန်အတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ရိက္ခာခြောက်များကိုသာ ပေးပို့လှူဒါန်းကြပါရန်နှင့်ထိုသို့ပေးပို့လှူဒါန်းရာတွင်မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးမှူး၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာပေးပို့လှူဒါန်းခြင်းနှင့်ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေရသောစီမံခန့်ခွဲရေးအဖွဲ့များနှင့်ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင်လှူဒါန်းကြသောအစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့်သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

ထို့ကြောင့် ရေကြီးရေလျှံပြီးနောက်ရောဂါကူးစက်မှုအန္တရာယ်နှင့် နောက်ဆက်တွဲကျန်းမာရေးအန္တရာယ်များမဖြစ်ပေါ်အောင် ပြည်သူတစ်ဦးချင်းအနေဖြင့် သတိပြုဆောင်ရွက်ကြရန်ဖြစ်သည်။ ပြည်သူများအနေဖြင့် လိုအပ်သည့်ဆေးဝါးကုသမှုကိုခံယူနိုင်ရန် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။ ။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၁၀) ရက်သာ လိုတော့သည်။**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်သင်ကြားနေမှုစစ်ဆေး

မြိတ် စက်တင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပရည်တောင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကိုတာဝန်ရှိသူများက စက်တင်ဘာလ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အခြေခံအပ်ချုပ်စက်သင်တန်းကိုဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှသင်ကြားပို့ချပေးသည့် သင်ခန်းစာများကိုလက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချနိုင်သည်အထိကြိုးစားသင်ယူကြရန်နှင့် သင်တန်းလွန်ကာလအလုပ်အကိုင်ရရှိနိုင်သည်အထိ ချိတ်ဆက်ဆောင်ရွက်ပေးမည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

အဆိုပါအပ်ချုပ်စက်သင်တန်းသို့ ပရည်တောင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး အခြေခံအပ်ချုပ်စက်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးတို့က သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် စက်တင်ဘာလ ၃ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ နှစ်လကြာစာတွေ့လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄


(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးလေဝသ သတင်း




## သဇင် (FM)အသံလွှင့်အစီအစဉ် ၂၀-၉-၂၀၂၄(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသား စကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေနက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ဖန်း"

ပိုက်တစ်ဖောင်လုံးချပြီးသွားချိန်တွင် ပိုက်ချသမားကိုစံထွားသည် လက်ရင်းဖော့ကြီးကို အားရှိပါးရှိ ပစ်ချလိုက်လေတော့သည်။ သည်အချိန်တွင် ပဿူး ပိုက်ကြီးတစ်ဖောင်လုံးကို ရေထဲချပြီးသွားလေပြီ။

ရေပြင်ပေါ်တွင် ပေါလောပေါ်မျောနေကြသော ပိုက်ဖော့လုံးကြီးများမှာ ကြသောင်းဝါးလုံးကြီးများကို တစ်ဆစ်ချင်းပိုင်းဖြတ်ပြီး ပြုလုပ်ထားခြင်းဖြစ်သည်။ ဖော့ကြီးကို ရေထဲသို့ပစ်ချရာတွင် လွယ်ကူပေါ့ပါးစေရန် ဝါးတစ်ဆစ်ချင်းစီ အခွံနွှာပြီး မီးမြှိုက်ထားရ၏။ ကြသောင်းလို အလုံးကြီးသည့်ဝါးမျိုးမှသာ ပဝတ်ချည် (ဂုန်လျှော်) ဖြင့် ထိုးရက်ထားသော အလေးစီးသည့်ပိုက်ကြီးကို ချီနိုင်မည်ဖြစ်သည်။ ပိုက်ကွက်တစ်ကွက်လျှင် လက်ချောင်း ၁၀ ချောင်းဆံ့ အကျယ်ရှိသည်။ ငါးသေးငါးနုပ်ဟူ၍မရ။ ကကူရံ၊ ကသမြင်၊ နတ်ကတော်၊ ကကတစ် စသောငါးမျိုးတွေသာရသည်။ ငါးများခြောက်လှန့်သည့် ဖော့သေးသေးလေးတွေကိုတော့ ရေအောက်သို့ရောက်နေသည့် ပိုက်ထိပ်ဖျား ပိုကြိုးမှာ တစ်လံလျှင် တစ်လုံးကျစီ တန်းစီပြီး ချည်ထားရသည်။ ဖော့အစွန်းတစ်ဖက်ကို ပိုက်ပိုကြိုးနှင့်တွဲချည်ထားသဖြင့် မချည်ဘဲလွတ်နေသော တခြားတစ်ဖက်မှာ ရေဆွဲအားကြောင့် ထောင်မတ်နေကာ လှိုင်းလှုပ်တိုင်း တယမ်းယမ်းကခုန်နေကြ၏။ ဖော့လေး၏တာဝန်က ပိုက်အပေါ်မှ ငါးတွေကျော်တက်မပြေးစေရန်အတွက် ခြောက်လှန့်ရသောဖော့ဖြစ်၍ ငါးလှန့်ဖော့ဟု ခေါ်ကြသည်။ ကရင်ဝါးဖြင့် ပင် ဝါးတစ်ဆစ်လျှင် ဖော့သေးတစ်လုံးစီလုပ်ကြ၏။ ပိုက်ဖော့ကြိုးကိုတော့ ရေ၏အတိမ်အနက်ကို ချိန်ဆပြီး လက်လံ ၁၀၊ ၁၅ လံ၊ ၂၀ စသည်ဖြင့် လွှတ်ပေးရ၏။

"ပိုက်တန်းကတော့ အသွားလှတယ် ဟေ့၊ တန်းနေတာပဲ"

အဖေ လှေပဲ့စင်ပေါ်က မတ်တတ်ရပ်ကြည့်ရင်း ပိုက်အသွားကို သဘောကျနေ၏။

"ဝေါ့ ဝေါ့ ဝေါ့"

"အစ်ကိုကြီးရေ ဘညွန့် အန်နေပြီ"

ပိုက်ချသမားကိုစံထွားက အဖေ့ကို လှမ်းပြောလိုက်သည်။ အဖေ့မှာ ပိုက်ကိုချည်း အာရုံစိုက်နေသဖြင့် ကျွန်တော့်ကို သတိမထားမိလိုက်။ ကျွန်တော်ကား လှေဦးဖျားမှာ တစောင်းလေးအနေအထားဖြင့် မြစ်ထဲသို့ တဝေါ့ဝေါ့အန်ချနေပေပြီ။

"ဟင် သားကြီး အန်နေတာလား၊ လှိုင်းအရမ်းမူးသွားပြီထင်တယ်"

"လာ လာ စံထွား၊ မင်း ဒီကို ခဏလာ"

အဖေလှမ်းခေါ်သဖြင့် ကိုစံထွား ပဲ့စင်နားရောက်လာ၏။

"ရော့ ရော့ တက်မနဲ့ လှေအသွားပိုက်အလာကို ထိန်းပေးထား"

အဖေသည် ကိုစံထွားအား တက်မကို အပ်ထားခဲ့ပြီး ကျွန်တော့်ဆီကို လျှောက်လာ၏။



"ဝေါ့ ဝေါ့ ဝေါ့"

သည်တစ်ချီမှာတော့ ကျွန်တော့်အစာအိမ်ထဲမှာ အစာတွေကုန်သွားပြီလားမသိ။ ဘာအစာမျှ မထွက်တော့ပေ။ ဝါဝါဖန့်ဖန့်အရည်တွေပဲ ထွက်ကျလာသည်။ အဖေသည် လက်ဝါးတစ်ဖက်ဖြင့် ကျွန်တော်၏နဖူးပြင်ကို မ တင်ပေးထားပြီး ကျန်လက်တစ်ဖက်ဖြင့် ကျွန်တော့်ကျောကို နှိပ်ပေး၏။ ရင်ဘတ်ကို ပွတ်ပေး၏။

"အန်ပစ်တာ ကောင်းတယ်၊ အန်ပစ်မှ သား နေသာထိုင်သာရှိသွားမှာ"

ကျွန်တော့်မှာ ညှစ်အန်ရလွန်း၍ထင်သည်၊ မျက်ရည်စီးကျလာသည်။ နှာရည်ယိုထွက်လာသည်။

"ရပြီ အဖေ ရပြီ"

ကျွန်တော် တစောင်းအနေအထားမှ ထထိုင်လိုက်၏။

"ရော့ သား၊ ပါးစပ်တွေ ဆေးပစ်လိုက်၊ မျက်နှာပါ သစ်ပစ်လိုက်"

"ဟုတ်ကဲ့ အဖေ"

ကျွန်တော် မျက်နှာကိုပါ သစ်ချပစ်လိုက်၏။ ရင်ထဲမှာရှင်းပြီး နေကောင်းသွားသလိုလို ခံစားရသည်။

"ကဲ ပိုက်နားတုန်း တို့ထမင်းစားလိုက်ကြရအောင်ဟေ့"

"အဖေတို့ပဲ စားကြပါ၊ သား စားလို့မရသေးဘူး၊ ထမင်းစားရင် ပြန်အန်မှာ"

အဖေ ကျွန်တော့်အတွက် ရင်ထဲမကောင်းဖြစ်သွားပုံရသည်။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

"အဲလိုဆိုလည်း သား နောက်မှစားတော့နော်"

"ဟုတ်ကဲ့ပါ အဖေ"

အဖေနှင့် ကိုစံထွားတို့ လှေကပ်စင်ပေါ် မျက်နှာချင်းဆိုင်ထိုင်ပြီး နေပူကြီးထဲမှာပဲ ထမင်းစားဖြစ်သွားကြသည်။ ထမင်းစားပြီး အဖေ ပဲ့စင်သို့သွားပြီး တက်မကြီးဖြင့် လှော်ရင်းကန့်ရင်း ပိုက်အသွားကို ပြုပြင်ပေး၏။ ကျွန်တော်တို့တွေမှာ နွေနေပူဒဏ်ကိုကာကွယ်ရန် ခမောက်လေးတစ်ခုစီမှအပ တခြားအရိပ်ခိုစရာဘာမျှမရှိပေ။ ပင်လယ်ကမ်းခြေရွာပီပီ နေ့ချင်းပြန် ငါးဖမ်းထွက်ကြခြင်းဖြစ်၍ နေပူဒဏ်ကာကွယ်ရန်အတွက် ခမောက်လေးတစ်ခုပဲ ယူလာကြခြင်းဖြစ်ပေသည်။ ပဿူးပိုက်သမားတွေ ခေတ်အဆက်ဆက် သည်လိုပဲလုပ်ဆောင်ခဲ့ကြသည်ဟု သိရသည်။

"သား ဘာလို့စာဖတ်နေတာလဲ၊ အဲလောက်လှိုင်းမူးနေတာကို"

"ရတယ် အဖေ အန်ပစ်လိုက်တာ ရင်ထဲတော်တော်ရှင်းသွားတယ်"

အဖေ ထမင်းစားပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။

"အဖေ့ကို ပိုက်လိုက်ရင်း စာဖတ်မယ်လို့ သား ပြောထားတယ်လေ"

"အေးပါ သားရယ် ကြိုးစားတာ ကိုယ့်အတွက်ပါပဲ"

အဖေတို့ ထမင်းစားပြီးချိန်မှာပဲ ကျွန်တော့်ခန္ဓာကိုယ်ထဲက တောင်းဆိုမှုတစ်ခုကို ကျွန်တော်ခံစားလာရသည်။ အဖေ့ကို ကြည့်လိုက်သည်။ အဖေ ပိုက်လမ်းကြောင်းကို လှမ်းကြည့်နေသည်။ ကိုစံထွားကတော့ စားပြီးထမင်းပန်းကန်ကို မြစ်ရေပြင်ထဲနှစ်ပြီး ဆေးနေသည်။ ကျွန်တော် ဟိုဟိုသည်သည် လှမ်းကြည့်လိုက်သည်။ မြစ်ပြင်ကျယ်ကြီးထဲမှာ ပိုက်လှေတွေ ဟိုနားတစ်စင်း သည်နားတစ်စင်း။

ကျွန်တော့်ခံစားချက် တော်တော်ဆိုးလာသည်။ ကျွန်တော် အားကိုးရာရှာလိုက်သည်၊ မတွေ့။ ကျွန်တော်ရုပ်ပျက်ဆင်းပျက်ဖြစ်လာနေပြီ။ မလုပ်လို့မဖြစ်သည့်အခြေအနေမျိုးသို့ ရောက်လာသည်။

"ကိုစံထွားရေ"

"ဘာလဲဟ"

"ဟိုဥစ္စာဗျာ"

"ဘာလဲ"

ကျွန်တော် ရယ်သလိုမျိုးနှင့် မျက်နှာရှုံ့မဲ့မဲ့ဖြစ်နေကြောင်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်သည်။

"ဟို ဟို ဥစ္စာလေဗျာ"

"ဘာလဲဟ မင်းဟာက"

ကျွန်တော် အဖေ့ကို တစ်ချက်ကြည့်လိုက်ရာ အဖေနှင့် အကြည့်ချင်းဆုံသွားသည်။

"စံထွားရေ သား ဝမ်းသွားချင်နေလားမသိဘူး၊ ဝမ်းသွားချင်ရင် သွားလေသားရဲ့၊ ပိုက်လှေ မျှားလှေတွေမှာ ဒီလိုပဲသွားကြရတာလေ"

အဖေသည် ချက်ချင်းပဲ လှေနောက်ဘက်သို့ လှည့်ပြီး ကျွန်တော့်ကို ကျောခိုင်းထားလိုက်သည်။

ပိုက်လှေမှာ ဦးဆုံးပဲ့ဆုံးအလျား ၆ လံ အရှည်ရှိသည်။ လှေတစ်စင်းလုံး မည်သည့်အကာအကွယ်မျှမပါ။ သည်အတိုင်း ဟင်းလင်းပြင်၊ အပေါ့စွန့်၊ အလေးသွားဖို့အတွက် မည်သည့်အကာအကွယ်မှမရှိ၊ ကျွန်တော်တို့မှာ သားအဖချင်းဆိုတော့ ရှက်စရာကြီးဖြစ်နေခဲ့ပြီ။ သုံးယောက်မှာ တစ်ယောက်ယောက်က အပေါ့စွန့်ချင်သည့်အပြုအမူမျိုးဖြစ်နေလျှင် ကျန်နှစ်ယောက်က မသိချင်ယောင်ဆောင်ပြီး တစ်ဖက်သို့ မျက်နှာလှည့်ထားကြရသည်။

ဤအချိန်တွင် ကိစ္စကြီးငယ်ပြုလုပ်မည့်သူသည် လှေကိုကျောခိုင်းပြီး တစ်လက်မခန့်သာအထူရှိသော လှေစပ်နံ၌ ဆောင့်ကြောင့်ထိုင်လျက်ပဲ တစ်ပေအမြင့်ရှိသောခတ်တက်စင်ကို လက်တစ်ဖက်ဖြင့်မြဲမြဲကိုင်ပြီး ကျန်လက်တစ်ဖက်ဖြင့် ပုဆိုးကို ခြုံသလိုကာသလိုလုပ်ပြီး ထားကြရသည်။ လှေဝမ်းဗိုက်ဘက်ကို ကျောခိုင်းထား၍ မျက်နှာကိုတော့ ဟိုးဝေးဝေးက မြစ်ပြင်ကျယ်ထဲရောက်နေတတ်ကြသည်။ အပေါ့စွန့်ခြင်းကိစ္စက သိပ်အခက်အခဲမရှိ။ မြစ်ပြင်ထဲ စွန့်ချလိုက်ခြင်းဖြင့် အလွယ်တကူပြီးသွားစေသည်။ ခု ကျွန်တော့်အခြေအနေက ဝမ်းသွားချင်နေသည်။ ကျွန်တော် ကြံ့ရာမရ။ သည်အတိုင်း ပေပြီး အောင့်ခံလို့လည်းရမည့်ကိစ္စမျိုးမဟုတ်။ ကျွန်တော် အခက်ကြီးကြုံရပေပြီ။ **ဆက်လက်ဖော်ပြပါမည်။**

## မုံရွာမြို့၌ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းစေရေး မီးပွိုင့် ၁၀ ခုအား ပြုပြင်ခြင်းနှင့် ဆိုလာစနစ်တပ်ဆင်

မုံရွာ စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးပေးမှုဖြင့် အမှတ်(၁၇) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ (စစ်ကိုင်း)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနတို့ပူးပေါင်းပြီး မုံရွာမြို့အတွင်းသွားလာနေသောပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး မီးပွိုင့် ၁၀ ခုအား ပြုပြင်ခြင်းနှင့်ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေ့ချင်းပြီး စနစ်တကျတပ်ဆင်ဆောင်ရွက်ပြီးစီးခဲ့သောကြောင့် လမ်းအသုံးပြုသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အလွယ်တကူဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ မီးပွိုင့်များပြုပြင်ခြင်းနှင့်ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ တမာတန်းမီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ ကျောက္ကာမီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ ဇေတိက မီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ ရေစင်မီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ သာစည်မီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ ထန်းတောမီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ ရန်ကင်းမီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ ရေကူးကန်မီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ မြို့လယ်မီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်း၊ မြို့ပတ်လမ်းဘဏ်မီးပွိုင့်ပြင်ဆင်ခြင်း၊ Solar System တပ်ဆင်ခြင်းတို့ကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး မီးပွိုင့်များပြုပြင်ခြင်းနှင့်ဆိုလာစနစ် တပ်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မုံရွာမြို့အတွင်း လမ်းသွားလမ်းလာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စနစ်တကျဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅/၂၀၂၄)
၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ယုံမှတ်အပ်နှံမှုအက်ဥပဒေ အခန်း ၃ ၏ နောက်တွင် အခန်း ၃-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

CHAPTER III A.

OF THE PREVENTIVE MEASURES AND REPORTING OBLIGATIONS OF TRUSTEES.

30 A.

Customer Due-Diligence, Record-Keeping and Reporting Obligations of AML/CFT

(1) Any trustee of any trust governed under this Act is bound to the following obligations of Anti- Money Laundering and Countering the Financing of Terrorism (AML/CFT): -

(a) to obtain and hold adequate, accurate and current information on the identity of author of the trust, the trustee(s), the beneficiaries and any other natural person exercising ultimate effective control over the trust;

(b) to hold basic information on other regulated agents of and service providers to, the trust, including investment advisors or managers, accountants, and tax advisors;

(c) to keep all information accurately and up to date on a timely basis;

(d) to disclose the trustee's status to Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs) and report to the relevant competent authorities when forming a business relationship or carrying out an occasional transaction above the threshold;

(e) to provide any information relating to the trust to competent authority and upon request by Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs), any information on beneficiary and assets of the trust to be held or managed under the terms of the business relationship to Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs) under the existing laws;

(2) A trustee is bound to keep above all information at least five years after their involvement with the discharge of trustee.


(3) A trustee shall comply with The Anti-Money Laundering Law and The Counter Terrorism Law.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO CHAT)၏ (၂၃) ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်






**နေပြည်တော် စက်တင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် video conferencing စနစ်ဖြင့်ကျင်းပသည့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၏ (၂၃) ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အရှေ့တောင်အာရှဒေသ၏ သမိုင်းဝင်အမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာနကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ (Southeast Asian Ministers of Education Organization – SEAMEO)၏ အဖွဲ့ဝင်နိုင်ငံများတွင် ဆီမီယိုဒေသဆိုင်ရာဌာန ၂၆ ခုရှိသည့်အနက် မြန်မာနိုင်ငံ၌ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO CHAT)ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ SEAMEO CHAT ၏ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့တွင် ၁၈ ကြိမ်၊ နေပြည်တော်တွင် နှစ်ကြိမ်နှင့် မန္တလေးနှင့် ပုဂံတို့တွင် တစ်ကြိမ်စီကျင်းပခဲ့ကြောင်း၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် အနာဂတ်ရှေ့လုပ်ငန်းအစီအမံများအောင်မြင်ရေး ဆွေးနွေးညှိနှိုင်း၊ အကြံပြု ဆုံးဖြတ်ခြင်းများပြုလုပ်ကြသည့် ယခုကဲ့သို့သော စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးသည် မရှိမဖြစ်လိုအပ်ပြီး တိုးတက်မှုများကိုဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံး စီမံခန့်ခွဲရေးနှင့်ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Ms. Pintip Lamnirath ၊ SEAMEO CHAT မှ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် သွားရောက်တွေ့ဆုံအားပေးထောက်ပံ့



တောင်ငူ စက်တင်ဘာ ၁၉

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့နှင့်အတူ ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ၌ ရေပြန်လည်ကျဆင်းသွားသည့် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး စာသင်ကျောင်းများ ရေပြန်လည်ကျဆင်းပါက ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုးသင်ကြားနိုင်ရေးနှင့် ကျောင်းသုံးပရိဘောဂပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၇၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသုံးဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက်ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်-မန္တလေးလမ်းဟောင်း ရေတာရှည်-တောင်ငူလမ်းပိုင်း မိုင်(၁၆၂/၇) တောင်ငူမြို့အဝင်အထိ ကားလမ်းရေကျော်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကျော်သည့်နေရာများတွင် အန္တရာယ်ရှိ သတိပေးဆိုင်းဘုတ်များ၊ ယာဉ်လမ်းကြောင်းပြ အမှတ်အသားများထားရှိရန်နှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင်ရေဘေးကွပ်ကဲမှုရုံးသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံခဲ့မှု၊ ထောက်ပံ့မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တောင်ငူခရိုင်ခေတ္တအုပ်ချုပ်ရေးမှူးက တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်းအရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကော်မတီများဖွဲ့စည်းထားပြီး ဖြစ်သော်လည်း စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း မှာကြားသည်။

ယင်းနောက် တောင်ငူခရိုင်ရေဘေးကွပ်ကဲမှုရုံးသို့ ဧရာဝတီဖောင်ဒေးရှင်းက လာရောက်လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် ပွင့်ထူးစံကုမ္ပဏီကလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဦးစိုးမွန်(မုန်းဝင်းမြန်မာ)မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ပဲခူးနှင့် သနပ်ပင်မြို့နယ်ရှိ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၇၀ကို တိုင်းမှူးကလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ (၁၀)ရပ်ကွက် အုတ်ကျွတ် (၁) မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ရေဘေးသင့်အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၄၁၃ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက်အာဟာရမုန့်များပေးဝေပြီး ယာယီရေဘေးရှောင်စခန်း၌ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် သောက်သုံးရေသန့်စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တောင်ငူမြို့ အမှတ်(၁) ရပ်ကွက် ရွှေဂူကြီးဘုရား၌ဖွင့်လှစ်ထားသည့်ယာယီရေဘေးရှောင်စခန်းရှိရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု၇၃ စု၊ လူဦးရေ ၂၇၂ ဦး အတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းအလိုက်ချက်ပြုတ်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကြောင်း သိရသည်။

(၅၀၀)

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ISPE အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ISPE အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) အဖြစ် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် ဧရာဝတီအသင်းတို့ကစားခဲ့ရာ ISPE အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၄၅ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ယဉ်လွန်းအိမ်တို့က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ISPE အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုး ၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ယဉ်လွန်းအိမ်ကဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃နာရီတွင် စလင်းအားကစားကွင်း၌ မြဝတီအသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ မြဝတီအသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မြဝတီအသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၃ မိနစ်တွင် ရူပါခိုင်၊ ပွဲချိန် ၇၇ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဖြူဖြူဝင်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး YREO အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် သင်းသင်းမော်က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကိုမြဝတီအသင်းမှ ဖြူဖြူဝင်းက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲစဉ်များအပြီးတွင် ISPE အသင်းသည် ၁၂ ပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိ ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**




# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၉လ)

# မြစ်ကြီးနားမြို့နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အေးစေတီကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်၃၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောသံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မြတ်ရတနာကျောင်းတိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ် ကလောမြို့ရှိ ရေဘေးသင့်ပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံအားပေး

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့၌ စက်တင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အတွင်း မိုးရေချိန် ၁၂ လက်မခန့်ရွာသွန်းကာ ကလောချောင်းရေမြင့်တက်မှုကြောင့် ရေဘေးသင့်နေရာများသို့ သွားရောက်ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရေဝင်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုအခြေအနေများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ကျောင်းအတွင်းအပျက်အစီးများ ရှင်းလင်းဖယ်ရှား၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားသည့် ကလောမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းပရိက္ခရာ၊ စားသောက်ဖွယ်ရာနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ရေဘေးသင့်ပြည်သူများအား စောင့်ရှောက်ထားရှိမှုအခြေအနေကို မေးမြန်းလျှောက်ထားသည်။

ခရီးစဉ်တွင် ကလောမြို့နယ်၌ဖွင့်လှစ်ထားသည့်ယာယီရေဘေးရှောင်စခန်း၁၂ခုမှ အိမ်ထောင်စု ၁၄၅ စု၊ ရေဘေးသင့်ပြည်သူ ၅၃၂ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောချောင်း ရေစီးရေလာအားနည်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ကလောချောင်းအတွင်းသို့ ချောင်းဘေးဝဲယာတွင် နေထိုင်သူများက ရေနည်းချိန်၌ မြေဖို့ကျူးကျော်ခြင်းကြောင့် ချောင်းအလွန်ကျဉ်းမြောင်းသွားခဲ့မှု၊ ချောင်းအတွင်းစည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကြောင့် ချောင်းတိမ်ကောလာမှု၊ တံတားများအား ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ စိတ်ကြိုက်ပုံစံဖြင့်ဆောက်လုပ်ထားမှုများကြောင့် တောင်ကျရေစီးချိန်၌ ရေစီးနှောင့်နှေးခဲ့မှု၊ နောင်နှစ်များတွင် အလားတူမဖြစ်စေရေး မူလချောင်းနယ်နိမိတ်အတိုင်းဖြစ်စေရေး ဆောင်ရွက်မည့်လျာထားအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ် လျော့ပါးရေးအတွက် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုမှာကြားသည်။

ရေဘေးသင့်ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့်စားသောက်ဖွယ်ရာများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြစန်း မိသားစုမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှေ့တပေါင်းကွင်းရှိ ရေဘေးသင့်ပြည်သူများအား နေ့လယ်စာထမင်းဘူး ၃၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

● ကျောဖုံးမှအဆက်

ကုသမှုခံယူခဲ့ပြီး ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှအထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့ရာ လူနာများအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။

၂။ သတင်းရရှိလျှင်ရရှိခြင်း (၁၈-၉-၂၀၂၄) ရက်နေ့၊ ညနေပိုင်းတွင် ရောဂါဖြစ်ပွားရာ ဝက်ဖြူကုန်းကျေးရွာ၊ ရွှေဖြူရတနာစာသင်တိုက်သို့ ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သောကွင်းဆင်းအဖွဲ့နှင့် ညောင်လေးပင်မြို့နယ်မှ ဆရာဝန်ဦးဆောင်သောဆေးအဖွဲ့တို့ကကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၃။ ဆေးရုံတက်လူနာများအနက် အတွင်းလူနာ (၄၁)ဦးသည်ရောဂါသက်သာကောင်းမွန်သဖြင့် (၁၉-၉-၂၀၂၄)ရက်နေ့၊ နံနက်ပိုင်းတွင် ဆေးရုံမှဆင်းခွင့်ပြုပြီးဖြစ်ပါသည်။

၄။ သဘာဝဘေးဒဏ်ခံစားရသောပြည်သူများအား အစားအသောက်များလှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေးပြင်ဆင်ထားသည့် သန့်ရှင်းသောအစားအသောက်များအား မြို့နယ်အလိုက်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသောစီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများမှ စခန်းများတွင် လှူဒါန်းကြသောအစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် ကျန်းမာရေးဌာနမှ တိုက်တွန်းနှိုးဆော်ထားပါသည်။

(၁၀၀)



တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးသို့ လူနာများရောက်ရှိလာစဉ်။



ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးမှ ကွင်းဆင်းကြည့်ရှုစဉ်။



ဝက်ဖြူကုန်းကျေးရွာ၊ ရွှေဖြူရတနာစာသင်တိုက်သို့ ကွင်းဆင်းကြည့်ရှုစဉ်။

# ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးနိုင်

ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးနိုင်ပြီး ယင်းရောဂါကို ဆေးသိပ္ပံနည်းအရ Diabetic nephropathy ဟုခေါ်ဆိုသည်။ သွေးသကြားဓာတ်ဟုလည်းခေါ်သော သွေးဂလူးကို့စ် မြင့်မားခြင်းသည် ကျောက်ကပ်ရှိသွေးကြောများကို ပျက်စီးစေနိုင်သည်။ ထိုအခါ ကျောက်ကပ်၏အဓိကလုပ်ငန်းဖြစ်သော ဆီးစွန့်ရန်အတွက် သွေးထဲမှ အညစ်အကြေးများနှင့် ပိုနေသောရေ(အရည်)များကို စစ်ထုတ်နိုင်မည်မဟုတ်တော့ပေ။ ကျောက်ကပ်ရောဂါသည် နာကျင်မှုမရှိသကဲ့သို့ အစပိုင်းတွင် ရောဂါလက္ခဏာများ မပြတတ်ပေ။ ကျောက်ကပ်ပျက်စီးခြင်းကလည်း တခြားသောကျန်းမာရေးပြဿနာများကို ဖြစ်စေသည်။

**ဆီးချို၏ နောက်ဆက်တွဲ ဆင့်ပွားရောဂါများ**

ရေရှည်တွင်ဖြစ်လာနိုင်သည့် နောက်ဆက်တွဲဆင့်ပွားပြဿနာများအနေဖြင့် သွေးကြောငယ်လေးများထိခြင်း၊ သွေးကြောကြီးများထိခြင်း၊ ကိုယ်အဖျားပိုင်းရှိ အာရုံကြောများထိခြင်း၊ ကိုယ်အဖျားပိုင်းရှိ သွေးကြောများထိခြင်း၊ အရေပြားထိခြင်း စသည်တို့ ဖြစ်တတ်သည်။ သွေးကြောငယ်လေးများ (ဆံချည်မျှင်သွေးကြောများ) ထိလျှင် မျက်စိမှုန်ခြင်း၊ မျက်စိကွယ်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း ဖြစ်နိုင်သည်။ သွေးကြောကြီးများထိလျှင် နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်းမှစကာ အင်ဂျိုင်းနား(ခေါ်) ရင်ဘတ်အောင့်ခြင်း၊ နှလုံးတိုက်ခိုက်ခံရခြင်း (နှလုံးလေသင်တုန်းရိုက်ခြင်း)၊ ဦးနှောက်ရှိ သွေးကြောထိပြီး လေဖြတ်ခြင်းများလည်း ခံစားရနိုင်သည်။ ထို့ပြင် ခြေထောက်ဆီသွားသော သွေးလွှတ်ကြောများကျဉ်းခြင်း၊ ပိတ်ခြင်းဖြစ်နိုင်သည်။ အမျိုးသားများတွင် ပန်းသေပန်းညှိုးဖြစ်တတ်သည်။ အကယ်၍ ဆီးချိုနောက်ဆက်တွဲအဖြစ် သွေးထဲအချိုဓာတ်များကာ အရေပြားထိလျှင် ပြည်တည်နာဖြစ်ပြီးနောက် အခြေအနေဆိုးရွားချိန်တွင် အနာပဆုပ်အထိ ဖြစ်နိုင်သည်။

**ကျောက်ကပ်ပျက်စီးမှု ကာကွယ်ရန်နည်းလမ်းများ**

ဆီးချို၊ သွေးချို ဝေဒနာရှင်များတွင် ကျောက်ကပ်ပျက်စီးရခြင်း အကြောင်းရင်းများမှာ သွေးချိုဓာတ်နှင့် သွေးပေါင်ချိန် မထိန်းနိုင်ခြင်း၊ အဝလွန်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့်ဖြစ်သည်။ အဆိုပါဝေဒနာရှင်များအတွက် ကျောက်ကပ်ပျက်စီးမှုကာကွယ်ရန် နည်းလမ်းကောင်းတချို့ရှိပါသည်။ ၎င်းတို့မှာ -

- သွေးချိုဓာတ်ကို သတ်မှတ်ပမာဏအတွင်း အမြဲရှိစေရန် ဂရုစိုက်ထိန်းသိမ်းပါ။
- သုံးလ ဆီးချိုညွှန်းကိန်း (HbA1C) ကိုလည်း ပုံမှန်ဖြစ်အောင် ထိန်းသိမ်းပါ။
- သွေးပေါင်ချိန် ပုံမှန်ရှိရန် ဂရုပြုနေထိုင်ပါ။
- သွေးတွင်းအဆီဓာတ်ကိုလည်း ပုံမှန်ထိန်းသိမ်းပါ။
- ယင်းရောဂါဖြစ်နေသည်ကို သိချိန်မှစ၍ ပြည့်ဝဆီများ၊ ဆီကြော်များ ရှောင်ပါ။
- ဆေးလိပ်မသောက်ပါနှင့်။
- ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ပါ။ လမ်းလျှောက်ပါ။

**ကျောက်ကပ်ပျက်စီးနေသူများအတွက် ရှောင်ရမည့် အစားအစာများ**

- အသားစားမကျူးပါနှင့်။ အထူးသဖြင့် အမဲသား၊ သိုး၊ ဆိတ်၊ ကြက်ဆင်စသည့် အနီရောင်အသားများနှင့် ပင်လယ်ငါး၊ ပုစွန်ထဲတွင်ပါရှိသော Phosphorus (ခေါ်)မီးစုန်းဓာတ်က ကျောက်ကပ်ကို လုံးဝကောင်းကျိုးမပြုနိုင်ပေ။
- အရက်အလွန်အကျွံမသောက်ပါနှင့်။ အရက်က အသည်းရောဂါဖြစ်စေပြီး ကျောက်ကပ်ကိုပါ သွယ်ဝိုက်သောနည်းဖြင့် ပျက်စီးစေသည်။

**''နာနတ်သီးကို ပန်းသီး သို့မဟုတ် ဖရဲသီးတို့ဖြင့် တွဲဖက်စားပေးပါက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သောအငန်ဓာတ်များကို ဖယ်ရှားပေးကာ ကျောက်ကပ်နှင့် သည်းခြေတို့ကို အားဖြစ်စေသည်။ ထို့ပြင် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သောကြောင့် ကျောက်ကပ်သန့်စင်စေသည်။**

**မြင်းခွာရွက်ကို နေ့စဉ်မှန်မှန်စားပေးခြင်းဖြင့် ကျောက်ကပ်နှင့်ပတ်သက်သော ဆီးဝေဒနာအမျိုးမျိုးမှ ကြိုတင်ကာကွယ်ရာရောက်သည်. . .''**

- ရှားစောင်းလက်ပပ်ပင်အနှစ်(ဂျယ်လီ)က ကျန်းမာရေးအတွက် ဘက်စုံကောင်းကျိုးပြုသော်လည်း ယင်းဂျယ်လီကို တစ်ရက်လျှင် ၂၀ စီစီပမာဏထက်ပိုစားမိပါက ကျောက်ကပ်ပျက်စီးစေနိုင်သည်။
- ဟင်းနုနယ်ရွက်တွင် Oxalates ဓာတ်ပါရှိသဖြင့် ကျောက်ကပ်ဝေဒနာသည်များ အလွန်အကျွံမစားသင့်ပေ။
- Oxalates ဓာတ်ကြွယ်ဝသော ဗိုလ်စားပဲသီး၊ ပိန်းဥ၊ ပိန်းရိုး၊ ဟင်းနုနယ်ရွက်တို့က ဆီးကျောက်တည်စေနိုင်၍ သင့်တင့်ရုံသာစားပေးပါ။
- အစားအစာများကို တာရှည်ခံအောင် ပြုပြင်ထားသော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စည်သွတ်ဘူးများ၊ ကြက်အူချောင်း၊ ဝက်အူချောင်းများ၊ ထုံချိုင်းအသားလုံးများ၊ အသင့်စား ခေါက်ဆွဲထုပ် သို့မဟုတ် ကြာဆံခြောက်အထုပ်များ စသည်တို့က အသည်းနှင့် ကျောက်ကပ်ကို အဆိပ်အတောက်ဖြစ်စေနိုင်သောကြောင့် ရံဖန်ရံခါသာ စားသုံးသင့်သည်။
- သဘာဝသစ်သီးဖျော်ရည်မဟုတ်သော အချိုရည်အမျိုးမျိုးနှင့် ဆော်ဒါတို့တွင် တာရှည်ခံအောင်၊ အနံ့ကောင်းအောင်နှင့် အရသာရှိအောင် ဓာတုပစ္စည်းများသုံး၍ ပြုပြင်ထားသဖြင့် အာဟာရလုံးဝမဖြစ်စေဘဲ ကျောက်ကပ်ကို ထိခိုက်စေသည်။
- ထို့နည်းတူ ကာဗွန်ဒိုင်အောက်ဆိုက် ဂက်စ်ထည့်ထားသည့် အဖျော်ယမကာများကလည်း ကျောက်ကပ်ထဲရှိသွေးကြောများကို ပျက်စီးခြင်း၊ ကျောက်တည်ခြင်း စသည့်ဆိုးကျိုးများဖြစ်စေနိုင်သည်။
- ကဖင်းဓာတ်များသော ကော်ဖီနှင့် လက်ဖက်ရည်များကို အလွန်အကျွံသောက်ခြင်းက ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်စီးဆင်းမှုကို လှုံ့ဆော်ပေးသောကြောင့် သွေးဖိအားများလာပြီး ကျောက်ကပ်ကို ဖိအားဖြစ်စေသည်။

**ကျောက်ကပ်ကို ကောင်းကျိုးပြုသောအစားအစာများ**

- ကြက်ဥ၊ ဘဲဥအကာ(အဖြူရောင်အကာ)ထဲတွင် ပါရှိသော အမိုင်နိုအက်စစ်က ကျောက်ကပ်ကို ကျန်းမာစေသည်။
- ဂေါ်ဖီထုပ်ထဲတွင် ပိုတက်စီယမ်ပါဝင်မှုလွန်စွာနည်းပါးသည့်အပြင် ယင်းထဲရှိ သဘာဝဗီတာမင်များနှင့် အမျှင်ဓာတ်တို့က ကျောက်ကပ်အတွက် အားဆေးဖြစ်သည်။
- လူတို့တွင် မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့ခြင်းက သွေးတိုးရောဂါဖြစ်စေပြီး ကျောက်ကပ်ကို သွယ်ဝိုက်သောနည်းဖြင့် ဘေးဖြစ်စေသည်။ ထို့ကြောင့် မဂ္ဂနီစီယမ်ဓာတ်ကြွယ်ဝသည့် အစားအစာများဖြစ်ကြသော အခွံမာသီး၊ အစေ့အဆန်များ၊ မြေထောက်ပဲများနှင့် ကိုက်လန်၊ ပန်းဂေါ်ဖီစိမ်းကဲ့သို့ ဟင်းရွက်စိမ်းများကို လုံလောက်စွာ စားပေးသင့်သည်။
- အစိမ်းရောင် ငရုတ်ချိုပွထဲတွင် ပိုတက်စီယမ်ဓာတ်ပါဝင်မှုနည်းပါးသည့်အပြင် ယင်းထဲရှိ သဘာဝဗီတာမင်နှင့် သတ္တုဓာတ်တို့က ကျောက်ကပ်ကို သန့်စင်ပေးနိုင်သည်။
- စပျစ်သီးက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော ယူရစ်အက်စစ်များကို ဆီးအဖြစ်ထွက်ရှိလာအောင် တွန်းအားပေးသောကြောင့် ဆီးရွှင်စေကာ ကျောက်ကပ်ကျန်းမာစေသည့်အပြင် ခန္ဓာကိုယ်တွင်းအဆိပ်အတောက်များကို အရှိန်အဟုန်မြှင့်သုတ်သင်ရှင်းလင်းနိုင်သည့်ဇီဝဖြစ်စဉ်ကိုတိုးမြှင့်ပေးနိုင်၍ ကျောက်ကပ်နှင့်သည်းခြေကို သန့်စင်စေသည်။
- နာနတ်သီးကို ပန်းသီး သို့မဟုတ် ဖရဲသီးတို့ဖြင့် တွဲဖက်စားပေးပါက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော အငန်ဓာတ်များကို ဖယ်ရှားပေးကာ ကျောက်ကပ်နှင့်သည်းခြေတို့ကို အားဖြစ်စေသည်။ ထို့ပြင် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သောကြောင့် ကျောက်ကပ်သန့်စင်စေသည်။
- မြင်းခွာရွက်ကို နေ့စဉ်မှန်မှန်စားပေးခြင်းဖြင့် ကျောက်ကပ်နှင့်ပတ်သက်သော ဆီးဝေဒနာအမျိုးမျိုးမှ ကြိုတင်ကာကွယ်ရာရောက်သည်။

ဆီးချိုရောဂါသည် ကျောက်ကပ်ပျက်စီးမှုကို အဓိကဖြစ်ပေါ်စေပြီး ထိခိုက်ဒဏ်ရာရခြင်းကြောင့်မဟုတ်ဘဲ ခြေထောက်ဖြတ်ခံရနိုင်ခြေမှာ ၁၅ ဆမှ အဆပေါင်း ၄၀ အထိ ပိုများနိုင်သည့်ရောဂါမျိုးဖြစ်ကြောင်း ဆေးပညာရှင်များက မှတ်ချက်ပြုထားသဖြင့် အထူးသတိထားရမည့် ရောဂါဖြစ်သည်။ ကံကောင်းသောအချက်မှာ ဆီးထဲရှိ Micro Albumin ကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်စစ်ဆေးခြင်းဖြင့် ကျောက်ကပ်ပျက်စီးမှုကို စောစီးစွာသိရှိနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးခြင်းသည် နာတာရှည်ရောဂါဖြစ်၍ ဘဝတစ်လျှောက် ဆေးဝါးများ စွဲမြဲစွာသောက်ရခြင်း၊ ကုသမှုခံယူရခြင်းကြောင့် လူမှုစီးပွားဘဝအပေါ် များစွာ ရိုက်ခတ်လျက်ရှိသဖြင့် ပျမ်းမျှ အသက် ၄၅ နှစ်ကျော်ပါက မိမိတွင် ဆီးချို၊ သွေးချို ရှိ၊ မရှိ စစ်ဆေးသင့်ပြီး ကျောက်ကပ်ကို ကာကွယ်ရန် ဆီးထဲရှိ Micro Albumin နှစ်စဉ် မှန်မှန်စစ်ဆေးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ **ပေါက်ပေါက်**

# နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နတ်မောက် စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူးသန်းထွန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များဖြစ်စေရန်၊ လူကုန်ကူးမှုအကြောင်းသိကောင်းစရာများကိုသိရှိစေရန် စသည်တို့ကို ဟောပြောဆွေးနွေးခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးငြိမ်းချမ်းထွန်းက ကျား၊ မ ရေးရာ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေများအကြောင်းကို ဆွေးနွေးဟောပြောသည်။

ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူးသန်းထွန်း၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှဝင်း**



# အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီးကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ




**ပဲခူး စက်တင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၆)ခရိုင်အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၁၈ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲနှင့် အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အမျိုးသမီးကြက်တောင်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော ပဲခူးခရိုင်အသင်း၊ တတိယဆုရရှိသော ပြည်ခရိုင်အသင်း၊ ဒုတိယဆုရရှိသော သာယာဝတီခရိုင်အသင်း၊ ပထမဆုရရှိသော ပဲခူးခရိုင်အသင်း၊ အမျိုးသားကြက်တောင်ပြိုင်ပွဲ ပူးတွဲတတိယဆုရရှိသော သာယာဝတီခရိုင်အသင်း၊ တတိယဆုရရှိသော တောင်ငူခရိုင်အသင်းနှင့် ဒုတိယဆုရရှိသော နတ်တလင်းခရိုင်အသင်းတို့မှ ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမဆုရရှိသော သာယာဝတီခရိုင်အသင်းမှ မောင်အောင်ကောင်းမြတ်အား ဆုတံဆိပ်နှင့်ငွေသားဆုငွေကျပ် သုံးသိန်း၊ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဖလားရရှိသော သာယာဝတီခရိုင်အသင်းအား ငွေသားဆုငွေကျပ်ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားတို့အားပေးအပ်ပြီး မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲအား စက်တင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၆)ခရိုင်မှ ခရိုင်ကိုယ်စားပြု အမျိုးသားအသင်းခြောက်သင်း၊ အမျိုးသမီးအသင်းခြောက်သင်း စုစုပေါင်း ၁၂ သင်း၊ အားကစားသမား ၆၀ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြခြင်းဖြစ်ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ဟိုပုံး စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားကို စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က ကုန်းသာကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့်တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စပါး၊ ပြောင်းနှင့် အခြားသောစိုက်ပျိုးသီးနှံများစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၉၀ ကို အတိုးနှုန်းသက်သာစွာ နဝမအကြိမ် ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**

# မြို့သစ်မြို့နယ်ပုလင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

**မြို့သစ် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း ငါးရိက္ခာဖူလုံမှုရှိစေရေး၊ငါးသယံဇာတပေါများကြွယ်ဝစေရေး၊ ဆည်၊ မြောင်း၊ အင်းအိုင်များအတွင်း ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စက်တင်ဘာလ ၁၉ ရက် နံနက် ၈ နာရီတွင် မြို့သစ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပုလင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပသည်။



အခမ်းအနားတွင်မြို့သစ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ မြို့သစ်မြို့နယ် ပုလင်းကျေးရွာအနီးရှိ ပုလင်းချောင်းအတွင်းသို့ ၂ လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၄၀၀၀၀၊ ၂ လက်မအရွယ် ထိုင်းငါးခုံးမကြီးကောင်ရေ ၃၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၇၀၀၀၀ အား ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။ **သန်းဝင်းထွန်း(ပြန်/ဆက်)**

## ယောက်ျားဇာနည် ဘာမထီ

❖ တောင်ကိုတွေ့လျှင်
ပြေးတက်ချင်သည်
ငါထွင်ခဲ့သော...လမ်းပေါ်မှာ။

❖ လျှိုမြောင်တောချောက်
တံတားဆောက်မည်
ငါဖောက်ခဲ့သော...လမ်းပေါ်မှာ။

❖ မြစ်ကိုတွေ့သော်
ကူးဖြတ်ကျော်မည်
ငါရည်ရွယ်သော...လမ်းပေါ်မှာ။

❖ ငါ့ရည်ရွယ်ရာ၊ ပန်းတိုင်မှာကား
မြန်မာတို့ပြည်၊ တိုင်းဌာနီကို
ဝေစည်သာပြော၊ ငြိမ်းချမ်းသောမြေ
အလှဝေဖို့၊ ငါတို့ပေးဆက်
သွေးအသက်တွေ၊ ချွေးစက်တွေနှင့်
ပန်းတွေပွင့်ဖို့ ငြိမ်းချမ်းဖို့။

❖ ငါတို့မျှော်မှန်း၊ ရည်ရွယ်လမ်းမှာ
ဟော့ရမ်းကာဖျက်၊ အကြမ်းဖက်ယုတ်
လက်တစ်ဆုပ်ကို၊ တိုက်ထုတ်ဖယ်ရှား
ရှင်းပယ်သွားမည်၊ ရှေ့ဆက်ချီစဉ်
ကျူပင်ကိုခုတ်၊ ကျူငုတ်မကျန်
ဘယ်ရန်မခြွင်း၊ အမှောင်ခွင်းကာ
အလင်းဆောင်မည် တို့မြန်ပြည်။

❖ အို...
ဇာတိအစဉ်လာ၊ ဘယ်ခါမချို့
ငါတို့လူမျိုး၊ တန်ခိုးဂုဏ်ရှိန်
မမှိန်စေရ၊ လောကပြည်ရွာ
ဤကမ္ဘာမှာ၊ ဘယ်ခါလာခြောက်
ဘယ်မှာမြှောက်စေ၊ မသွေမထောက်
မကြောက်မရွံ့၊ နောက်တွန့်လှည့်ပြန်
အဘိဓာန်မှာ၊ ဖွေရှာကာကြည့်
မပါရှိဘဲ၊ သတ္တိခွဲဖြင့်...
သင်လည်းမြန်မာ၊ ငါမြန်မာပဲ
တူယှဉ်ရဲရင့်၊ ဇွဲမာန်ဝင့်၍
အောင်ပွဲအဆင့်ဆင့်၊ ရယူမည်။
ယောက်ျားဇာနည် ဘာမထီ။
ငါတို့မြန်ပြည် ကာကွယ်မည်။ ။

**အကျော်ပင်**

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

## ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသောရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါ အစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သောအသား၊ ငါးစသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# “အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူတွေကို လှူဒါန်းရတဲ့အတွက် အလှူရှင်တွေလည်းကုသိုလ်ရသလို ကျွန်တော်တို့ကလည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ အများပြည်သူတွေရဲ့ အခက်အခဲအဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်တို့လည်း ပင်ပန်းရကျိုးနပ်ပါတယ်။”

**ဦးကျော်စွာဦး၊ ဥက္ကဋ္ဌ၊ ရွှေတောင်လူမှုကယ်ဆယ်ရေးမောင်နှံအသင်း၊ မွန်ပြည်နယ်**



နန်းဦးဆရာတော် ဘဒ္ဒန္တပုညဝန္တ



ဦးကျော်စွာဦး



ဒေါ်ကောမလသိင်္ဂီ



တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ပြည်သူများသည် သဘာဝဘေးဒဏ်ကို ထိခိုက်ခံစားခဲ့ကြရသည်။ ထိုသို့ သဘာဝဘေးဒဏ်ခံပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ ထိခိုက်ဒဏ်ရာခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ်မူတည်ကာ လိုအပ်သည့်ထောက်ပံ့ကူညီမှုများကို ဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများက သဘာဝဘေးဒဏ်ခံပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးဒဏ်ခံပြည်သူများအတွက် မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိရာ ကူညီထောက်ပံ့လှူဒါန်းပေးကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။

**နန်းဦးဆရာတော် ဘဒ္ဒန္တပုညဝန္တ**
**ဒလမြို့**

ဘုန်းဘုန်းတို့က အေလာလေယာဉ်ကွင်းအနီးက ရွာသစ်ကလေးကျေးရွာကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ မိသားစုတစ်အိမ်ထောင်စာအတွက် လိုအပ်တဲ့ပစ္စည်းတွေ စုပေါင်းထုပ်ပိုးထားပါတယ်။ အိမ်ထောင်စု ၂၅၀ စာနဲ့ ငွေကျပ်တစ်သိန်းစီ လှူဒါန်းသွားမှာဖြစ်ပါတယ်။ ကူမဲမြို့မှာလည်း ဝမ်းရောဂါဖြစ်ပွားတဲ့အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းထားပါတယ်။ ရွာသစ်ကလေးကျေးရွာအတွက် လှူဒါန်းငွေစုစုပေါင်း သိန်း ၃၀၀ ကျော်လှူဒါန်းသွားမှာဖြစ်ပါတယ်။ ပြည်သူတွေ ဝတ်စရာ၊ စားစရာ လိုအပ်နေတဲ့အတွက် ပါဝင်ဖြည့်ဆည်းတာဖြစ်ပါတယ်။ ရဟန်း၊ သံဃာတွေလိုအပ်တဲ့အခါ ဒါယကာ၊ ဒါယိကာမတွေက ကြည့်ရှုထောက်ပံ့လှူဒါန်းကြပါတယ်။ အခုလို ရေကြီးရေလျှံဖြစ်တော့ ဘုန်းဘုန်းတို့က ဒါယကာ၊ ဒါယိကာမတွေကို ပြန်ပြီး ကြည့်ရှုထောက်ပံ့လှူဒါန်းတာပဲ ဖြစ်ပါတယ်။

**ဒေါ်ကောမလသိင်္ဂီ**
**ဇယရံသီ သီလရှင်စာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

ဆရာလေးက ဇယရံသီ သီလရှင်စာသင်တိုက်ကနေ လာရောက်လှူဒါန်းတာဖြစ်ပါတယ်။ ခုနစ်ရက်သားသမီးတွေ လှူဒါန်းထားတဲ့ ဝတ္ထုငွေ၊ အဝတ်အထည်နဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကို အလှူရှင်တွေ ဝမ်းမြောက်အောင် ကိုယ်တိုင်လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ အလှူရှင်တွေ သွားရောက်လှူဒါန်းမှုနည်းပါးတဲ့ နေရာဒေသတွေကိုသွားရောက်ပြီး လှူဒါန်းမှာဖြစ်ပါတယ်။ ဒီလိုရေကြီးရေလျှံမှုမျိုး တစ်ခါမှမကြုံဖူးတဲ့အတွက် ကိုယ်ချင်းစာတဲ့စိတ်နဲ့လှူဒါန်းတာဖြစ်ပါတယ်၊ ရေဘေးသင့် ဒါယကာ၊ ဒါယိကာမတွေအတွက် ဒီလိုရေကြီးရေလျှံမှုမျိုး နောင်မှာထပ်မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ ခုနစ်ရက်သားသမီးတွေလည်း အန္တရာယ်ကင်းဝေးအောင် အမြဲဆုတောင်းပေးပါတယ်။ အခုလို လှူဒါန်းရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

**ဦးထင်ကျော်**
**ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး**

ကျွန်တော်တို့က တပ်ကုန်းနဲ့ ရမည်းသင်းမြို့တွေကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ သွားရောက်လှူဒါန်းမယ့်ပစ္စည်းတွေကတော့ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ အဝတ်အစားတွေဖြစ်ပါတယ်။ အရင်က တခြားနေရာတွေမှာ ရေကြီးရေလျှံဖြစ်ရင်လည်း တတ်အားသမျှ အမြဲကူညီဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့က ဂုံမင်းကန်ကျေးရွာ၊ မြစ်ကျိုးကျေးရွာနဲ့ ဝေါမြို့တွေမှာရှိတဲ့ ဗလီသုံးခုနဲ့ ဘာသာပေါင်းစုံ စုပေါင်းပြီး လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ နောက်ထပ်လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားတဲ့ ဘယ်အရပ်ဒေသမဆို သွားရောက်လှူဒါန်းသွားမှာဖြစ်ပါတယ်။ သဘာဝဘေးကြုံရတယ်ဆိုတော့ အားလုံးစိတ်မကောင်းဖြစ်ကြရပါတယ်။ ဒီတစ်ခါ ရေကြီးရေလျှံမှုက အများကြီးဒုက္ခရောက်ခံစားကြရတဲ့အတွက် ပိုပြီးစိတ်မကောင်းဖြစ်မိပါတယ်။

**ဦးကျော်စွာဦး**
**ဥက္ကဋ္ဌ၊ ရွှေတောင်လူမှုကယ်ဆယ်ရေးမောင်နှံအသင်း၊ မွန်ပြည်နယ်**

ကျွန်တော်တို့အသင်းက နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း သုံးနေရာကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကို ကယ်ဆယ်ရေးစခန်းတွေက အကူအညီတောင်းထားတာတွေလည်းရှိပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ နေရာတွေကို လှူသွားမယ်၊ လှူတဲ့အခါ စီမံခန့်ခွဲတဲ့ အဖွဲ့တွေဆီ ပေးအပ်လှူဒါန်းသွားမှာရှိသလို လက်ဝယ်အရောက်လည်း လှူဒါန်းသွားဖို့ရှိပါတယ်။ ခုနစ်ရက်သားသမီး စုပေါင်းလှူဒါန်းပစ္စည်းတွေကတော့ ကုန်ခြောက်ပစ္စည်း၊ ဆန်၊ ဆီ၊ အသင့်စား ခေါက်ဆွဲခြောက်၊ မုန့်၊ ငါးသေတ္တာ၊ ငါးပိထောင်း၊ ငါးခြောက်ကြော်၊ လက်ဖက်၊ အမျိုးသား၊ အမျိုးသမီး၊ ကလေး အဝတ်အထည်၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်း၊ ဆေးပစ္စည်းတွေဖြစ်ပါတယ်။ သဘာဝဘေးကြုံတဲ့အခါ ပြည်သူကနေပြည်သူကို ကူညီထောက်ပံ့တာမျိုးဖြစ်ပါတယ်။ လှူဒါန်းပစ္စည်းတွေ ထပ်မံရရှိတဲ့အခါမှာလည်း လာရောက်လှူဒါန်းသွားဦးမှာဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူတွေကို လှူဒါန်းရတဲ့အတွက် အလှူရှင်တွေလည်း ကုသိုလ်ရသလို ကျွန်တော်တို့ကလည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ အများပြည်သူတွေရဲ့အခက်အခဲအဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်တို့လည်း ပင်ပန်းရကျိုးနပ်ပါတယ်။

**မမေဇင်**
**တုသိတာလူမှုကူညီရေးအသင်း၊ ပြင်ဦးလွင်မြို့**

ကျွန်မတို့အသင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၇)ကဖြစ်ပါတယ်။ ရေကြီးရေလျှံမှုခံစားရတဲ့ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်ဘက်က လိုအပ်နေတဲ့သူတွေဆီကို သွားရောက်လှူဒါန်းပြီး ပြန်လာတာဖြစ်ပါတယ်၊ လှူဒါန်းပစ္စည်းကတော့ အဝတ်အထည်၊ ဆေးဝါး၊ စားသောက်ကုန်နဲ့အလှူငွေတွေ သွားရောက်လှူဒါန်းတာဖြစ်ပါတယ်၊ ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းချင်တဲ့ ပြည်သူတွေရဲ့ကိုယ်စား လှူဒါန်းပေးတာဖြစ်ပါတယ်။ အခုလို သွားရောက်လှူဒါန်းတဲ့အခါ တစ်ခုတွေ့မြင်ခဲ့တာက အသင်းအဖွဲ့တွေအတွက် လိုအပ်ချက်ဖြစ်ပါတယ်။ အသင်းအဖွဲ့တွေဆီ ပြည်သူတွေကစုပေါင်းပြီး တစ်ဆင့်လှူဒါန်းတာရှိပါတယ်။ ပြည်သူတွေဆီလှူဒါန်းတာဖြစ်တဲ့အတွက် လှူဒါန်းတဲ့ပစ္စည်း၊ ငွေကြေးက ပြည်သူတွေဆီပဲ ပေးအပ်လှူဒါန်းကြရပါတယ်၊ သွားရောက်လှူဒါန်းပေးတဲ့ အသင်းအဖွဲ့အစည်းတွေ၊ ကူညီကယ်ဆယ်ရေးအဖွဲ့တွေအတွက် အစားအစာနဲ့သွားလာစရိတ်အခက်အခဲဖြစ်နေတာတွေ့ရပါတယ်၊ အဲ့ဒါကြောင့် လှူဒါန်းတဲ့အခါ အသင်းအဖွဲ့အစည်းတွေအတွက် ခရီးသွားစရိတ်နဲ့ အစားအစာအတွက်ပါ လှူဒါန်းပေးကြဖို့ အကြံပြုလိုပါတယ်။



လှူဒါန်းမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အစာအဆိပ်သင့်မှုမဖြစ်စေရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြစ်စေရေး၊ လိုအပ်သည့်ပြည်သူများထံသို့ လက်ဝယ်ရောက်ရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ်
ဓာတ်ပုံ-ဖိုးပြည့်စုံ

# ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ကျောင်းများရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သက်န်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်ကျောင်းများမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာစံပရိယတ္တိစာသင်တိုက်ရတနာဘိမတ ဓမ္မဗိမာန်တော်၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဇေယျာသီရိမြို့နယ်သံဃနာယက အဖွဲ့အကျိုးတော်ဆောင်စည်ပင်သာယာရွာဦးကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုန္ဒာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရတနာစံပရိယတ္တိစာသင်တိုက်၊ စည်ပင်သာယာ ရွာဦးကျောင်း၊ ဓမ္မပါလကျောင်း၊ သာစည်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း (ကျောက်ချက်ရွာ)နှင့် မဟာသေဋ္ဌနာဒမင်းကျောင်း၊ ရွှေသာလွန်းဘုရားကြီးကျောင်း၊ ရွာသစ်ကျောင်း၊ ရှမ်းကျောင်း၊ ကျွန်းရောင်းရွာဦးကျောင်း၊ ဣန္ဒာကာရာမလေသာကျောင်း၊ သီရိရတနာဒုန်တောဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုးကောင်းတောရကျောင်း၊ မြကန်သာကျောင်း၊ အောင်သပြေကျောင်း၊ စိမ်းစားပင်ကျောင်း၊ ရတနာ့ဂုဏ်ရည်ကျောင်း၊ ထိန်ပင်ကျောင်း၊ စည်ပင်ကြီးကျောင်း၊ သာယာကုန်းကျောင်း၊ သာယာစုကျောင်း၊ မိုဃ်းကောင်းကျောင်း၊ ကြို့ပင်ဆိပ်ကျောင်း၊ သီရိမင်္ဂလာကျောင်း၊ မွန်းတည့်ခွင်ကျောင်း၊ ရွာသစ်ကြီးစာသင်တိုက်၊ သာယာဝှမ်းကျောင်း၊ ပညာအလင်းရောင်ကျောင်း၊ ကျည်တောင်ရွာဦးကျောင်း၊ ညောင်ပင်ကြီးကျောင်း၊ ဥတ္တမာရုံကျောင်း၊ ရွှေပေးကျောင်း၊ ကြို့ပင်ကျောင်း၊ ပညာ့ဗိမာန်ကျောင်း၊ သာသနာ့ ရောင်ခြည်ကျောင်း(သာယာကုန်းကျေးရွာ)၊ သာသနာ့ဇောတိကကျောင်း၊ ရွှေသင်းဖြူး၊ ရွှေကံ့ကော်ကျောင်း၊ ချောင်းကမ်းကြီးကျောင်းနှင့် ဓမ္မသုခလယ်ပြင်ဦးကျောင်းတို့မှဆရာတော်သံဃာတော်များနှင့် ဇေယျမဏ္ဍိုင်သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီးအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြကုန်သော ဆရာတော်သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူသည့် ရေဘေးကိုတားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိမထေရ်မြတ်၏ ဂဝမ္ပတိတ္ထေရဂါထာတော်ကို နာယူကြည်ညို၍ စည်ပင်သာယာရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓသာသနာပြုဓမ္မရိပ်သာမဟာဗောဓိမြိုင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ ဂဝမ္ပတိတ္ထေရဂါထာတော်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မဟာဗောဓိမြိုင်တရားရိပ်သာတွင် ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ အောင်သာရွာ၊ သာစည်ရွာ၊ ရွှေတွင်းကုန်းရွာနှင့် အေးမြင့်သာယာရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက်ထောက်ပံ့ငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မရှိခဏကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တတိက္ခာစာရအား ဖူးမြော်ကြည်ညို၍ ဂဝမ္ပတိတ္ထေရဂါထာတော်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မရှိခဏကျောင်း၌ ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ သူရဲသမိန်ရွာနှင့် ဇီးကုန်းရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်း စုစုပေါင်း ၃၉ ကျောင်းရှိဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၇၈ သိန်းနှင့် ရေဘေးသင့်ဒေသခံများအား ထောက်ပံ့ငွေကျပ် ၁၆၄၀၀၀၀ လှူဒါန်းခဲ့သည်။ ထို့ပြင် စက်တင်ဘာလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၉ ရက်တို့တွင် ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၉၄ ကျောင်းတို့အား ဝတ္ထုငွေ ၁၈၈ သိန်းကျပ်နှင့် သင်္ကန်း၅၆၄ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၄၈၆ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည်အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကျန်းမာရေးထောက်ပံ့ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနေမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်



ပြည်သူများအတွက် ငွေကျပ် ၅၅ ဒသမ ၇၄၅ သိန်း တန်ဖိုးနှင့်ညီမျှသည့် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ အားထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်အရှေ့လျှော်ဖြူကုန်း ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် လျှော်ဖြူကုန်းကျေးရွာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက်ဆန်၊ ဆီ အပါအဝင်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူလမ်းမှ နေပူကုန်း-ဆူးချင်ကုန်းကျေးရွာချင်းဆက်လမ်း ရေတိုက်စားပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါသီးနှံ မျိုးသန့်ခြံရှိ ရှင်းလင်းဆောင်၌ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများနှင့်တွေ့ဆုံပြီး ပျော်ဘွယ်မြို့နယ်အတွင်း သမဝါယမအသင်း (၃) သင်းမှ နေကြာစိုက်အသင်းသား တောင်သူ ၆၀ ဦး၏ စိုက်ပျိုးမြေ ၂၁၂ ဧကအတွက် ရေဆင်းမျိုး နေကြာမျိုးစေ့နှင့် သွင်းအားစုများ တောင်သူများထံပေးအပ်သည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ညောင်အိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှု၊ ကျေးရွာရှိ စက်ရေတွင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်း ရေကြီးနစ်မြုပ်ခဲ့ပြီး နုန်းများတင်ကျန်နေမှု၊ ကျေးရွာချင်းဆက်လမ်းများ လမ်းပခုံးပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ ချောင်းခွကျေးရွာအဝင် နဝင်းချောင်းတံတား(ချောင်းခွ)တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်းရေတိုက်စား၍ လမ်းတာပေါင်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆွေးနွေးမှာကြားကာ ကျေးရွာ၌ အခြေချပြန်လည်နေထိုင်သည့် ချောင်းခွကျေးရွာရှိ အိမ်ထောင်စု ၅၈ စု၊ မကျီးပင်ကျေးရွာရှိအိမ်ထောင်စု ၂၀၊ ရေဘေးရှောင်အိမ်ထောင်စု ၁၁၀ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၆ ပြည်နှင့် ဆီ ၅၀ သားစီ ထောက်ပံ့ပေးအပ်သည်။

**တပ်ကုန်းမြို့နယ် ချောင်းခွကျေးရွာအဝင် နဝင်းချောင်းကူးတံတား(ချောင်းခွ)အား ပြန်လည်ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အများပြည်သူများ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း** သတင်းရရှိသည်။

(၅၀၀)

# ဒုတိယအကြိမ် အာဆီယံ-မဲခေါင်မြစ်ကော်မရှင် ရေဖူလုံရေးဆိုင်ရာဆွေးနွေးပွဲတက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ




နေပြည်တော် စက်တင်ဘာ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ-မဲခေါင်မြစ်ကော်မရှင် ရေဖူလုံရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စက်တင်ဘာလ ၁၇ ရက် ညနေပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ရောက်ရှိရာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းက ဒုတိယအကြိမ် အာဆီယံ-မဲခေါင်မြစ်ကော်မရှင် ရေဖူလုံရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဗီယင်ကျန်းမြို့ ဆုပ်ဖက်ထရာဟိုတယ်၌ ကျင်းပပြီး လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Saleumaxy Kommasith က အဖွင့်အမှာစကား ပြောကြား၍ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Dr. Mrs. Bounkham Vorachit က ဂုဏ်ပြုအမှာစကားပြောကြားကာ မဲခေါင်မြစ်ကော်မရှင် အမှုဆောင်အရာရှိချုပ် Dr. Anoulak Kittikhoun က ရေလုံခြုံမှုဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာနိုင်ငံအလိုက် အမှာစကားပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မဲခေါင်မြစ်သည် မဲခေါင်မြစ်ကော်မရှင်အဖွဲ့ဝင်နိုင်ငံများအတွက်သာမက အာဆီယံဒေသတွင်းနိုင်ငံများအတွက် အလွန်အရေးကြီးကြောင်း၊ မဲခေါင်မြစ်သည် ရေချိုအရင်းအမြစ်သာမက ငါးသယံဇာတများအပါအဝင် စားရေရိက္ခာဖူလုံရေး၊ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေး၊ ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများအတွက် အလွန်အရေးပါလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာရှဒေသရှိ ရေအရင်းအမြစ်တစ်ခုလုံး၏ ၁၂ ရာခိုင်နှုန်းနှင့် အာဆီယံနိုင်ငံများအားလုံးရှိရေအရင်းအမြစ်များ၏ ၁၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့်အတွက် ရေအရင်းအမြစ်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက မဲခေါင်ဒေသနှင့်အာဆီယံဒေသအတွင်း ရေဖူလုံရေး၊ ပတ်ဝန်းကျင်သက်ရောက်မှုများအပေါ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက်ထိရောက်ပြီး ဆန်းသစ်တီထွင်မှုရှိသောမူဝါဒများ ဖော်ဆောင်နိုင်ရေး ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ချမှတ်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရေ သယံဇာတနှင့်ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ မဲခေါင်မြစ်ဝှမ်းကော်မရှင်ဥက္ကဋ္ဌ၊ မဲခေါင်မြစ်ကော်မရှင် အမှုဆောင်အရာရှိချုပ်နှင့်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်၊ ကနေဒါ၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံတို့မှ ရေစီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ နိုင်ငံအဆင့် မဲခေါင်ကော်မတီအထွေထွေအတွင်းရေးမှူးချုပ် Dr. Surasri Kidtimonton နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှ ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် သက်ဆိုင်ရာဌာနများပါဝင်သည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး စီမံချက်များရေးဆွဲဆောင်ရွက်နေမှု၊ မြန်မာနှင့်ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက် မြို့၊ ရွာများရှိဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းဌာနများအား အသိပညာပေးရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထိုင်း-မြန်မာနယ်စပ်ရှိ မြို့၊ ရွာများတွင် ရေကြီးရေလျှံမှုများ တားဆီးကာကွယ်နိုင်ရေးအတွက် ကြိုတင်သတိပေးစနစ်တပ်ဆင်ခြင်း၊ ရေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် ရေဝေရေလဲသစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Dr. Mrs. Bounkham Vorachit နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းဒါရုစလင်နိုင်ငံ ဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Dato Seri Setia Awang Haji Muhammad Juanda bin Haji Abdul Rashid နှင့် တွေ့ဆုံပြီး ဘရူနိုင်းဒါရုစလင်နိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံတည်ထောင်မည့် အာဆီယံရာသီဥတုပြောင်းလဲမှုဗဟိုဌာန (ASEAN Climate Change Center–ACCC) တည်ထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝတ)

# Naypyitaw State Academy ကျောင်းသား၊ ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၁၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် Naypyitaw State Academy ၏ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ စာမေးပွဲအေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ၏ ဒုတိယပညာသင်ကာလစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာဖြေဆိုနိုင်ရေး၊ ပညာသင်ယူမှုအခွင့်အလမ်းအပြည့်အဝရရှိစေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသင်ကြားကြရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ကျောင်း၏ဂုဏ်ကိုဆောင်နိုင်သူ၊ ဘာသာရပ်၏ဂုဏ်ကိုဆောင်နိုင်သူ၊ စည်းကမ်းလိုက်နာပြီး ထူးချွန်ထက်မြက်အောင်မြင်သည့် ပညာရှင်များဖြစ်အောင်ပြုစုပျိုးထောင်ပေးကြရန် ပြောကြားပြီး Naypyitaw State Academy အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

Naypyitaw State Academy ကို ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ်ဖော်ဆောင်ရာတွင် Comprehensive University အနေဖြင့် ရည်မှန်းထားသည့်အတွက် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာန၊ အားကစားပညာမဟာဌာနဟူ၍ မဟာဌာနကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ထားကြောင်း သိရသည်။ (သတင်းစဉ်)

## စက်တင်ဘာလ၏အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | တမူး | ၁၈-၉-၂၀၂၄ | ၃၈.၀ | ၁၀၀.၄ | ၂၄-၉-၂၀၁၃ | ၃၇.၅ | ၉၉.၅ | ၄၆ |

## ထူးခြားသည့်နေ့အပူချိန်များ

၁၉-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ရွှေဘို | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ကသာ | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ရေလွှမ်းမိုးမှုလျော့ပါးသက်သာစေဖို့ ကြိုတင်ကာကွယ်ကြပါစို့

**ကိုဘုန်း(ထုတ်လုပ်)**



ရေကြီးခြင်းသည် ကမ္ဘာတစ်ဝန်းတွင် အဖြစ်အများဆုံးနှင့် အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်များထဲမှတစ်ခုဖြစ်ပြီး နှစ်စဉ်လူသန်းပေါင်းများစွာကို ထိခိုက်စေသည်။ ရေလွှမ်းမိုးခြင်းသည် လူနေမှုဘဝများကိုအနှောင့်အယှက်ဖြစ်စေပြီး လူမှုအသိုင်းအဝိုင်းများကိုပျက်ပြားစေကာ စီးပွားရေးအရ သိသိသာသာဆုံးရှုံးမှုဖြစ်စေနိုင်သည့် ကြောက်မက်ဖွယ် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ ရေလွှမ်းမိုးခြင်းသည် သဘာဝ သို့မဟုတ် လူတို့ကြောင့်ဖြစ်ပေါ်လာသော အန္တရာယ်တစ်ခုဖြစ်သည်။ ရေကြီးရခြင်းအကြောင်းရင်းအမျိုးမျိုးရှိသည်။

**မိုးသည်းထန်စွာရွာသွန်းခြင်း**

ရေကြီးခြင်း၏အကြောင်းရင်းတချို့မှာ အချိန်ကြာမြင့်စွာ သို့မဟုတ် ပြင်းထန်သောမိုးရွာသွန်းမှုဖြစ်သည်။ ပြင်းထန်သောမိုးရွာသွန်းမှုသည် မြစ်၊ ချောင်းရေလျှံမှုများကိုဖြစ်ပေါ်စေပြီး မြေပြိုခြင်း၊ လူနေဧရိယာများသို့ ရေလွှမ်းခြင်းများဖြစ်ပေါ်စေသည်။ မြစ်ချောင်းရေလျှံခြင်းသည် မြို့ပြ၊ ကျေးရွာဒေသများကိုထိခိုက်စေနိုင်ပြီး သိသိသာသာပျက်စီးဆုံးရှုံးမှုများဖြစ်စေနိုင်သည်။

**ကမ်းရိုးတန်းရေကြီးရေလျှံခြင်း**

ကမ်းရိုးတန်းဒေသများသည် မုန်တိုင်းဒီရေတက်ခြင်း၊ ဒီရေတက်ခြင်းနှင့်ဆူနာမီလှိုင်းများမှ ရေလွှမ်းမိုးခြင်းအန္တရာယ်နှင့်ရင်ဆိုင်ရသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းသည် တစ်နှစ်ထက်တစ်နှစ် ကမ်းရိုးတန်းရေလွှမ်းမိုးမှုအကြိမ်ရေနှင့် ပြင်းထန်မှုကိုတိုးမြင့်လာစေသည်။

**ရုတ်တရက်ရေကြီးခြင်း**

ရုတ်တရက် ပြင်းထန်သောမိုးရွာသွန်းမှုကြောင့် ရေပမာဏများလျင်မြန်စွာနှင့် တိုးမြင့်လာသည့်အခါ ရုတ်တရက်ရေကြီးခြင်းကို ဖြစ်ပေါ်စေသည်။ ရုတ်တရက်ရေကြီးမှုများသည် သတိပေးချက်အနည်းငယ်သာရှိနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများစေသည်။

**ရေခဲမြစ်များနှင့်ရေကာတာများ၊ ဆည်များကြောင့် ရေကြီးခြင်း**

မြစ်များတွင် ရေခဲများစုပုံခြင်းသည် ရေစီးဆင်းမှုကိုပိတ်ဆို့နိုင်ပြီး ဒေသအလိုက်ရေလွှမ်းမိုးမှုကို ဖြစ်စေသည်။ ရေကာတာများ၊ ဆည်များအတွင်းသို့ လိုအပ်သည်ထက်ပိုမိုသော ရေပမာဏရောက်ရှိပါက ရေပိုလွှဲမှတစ်ဆင့် ရေများကိုထုတ်ပေးရသောကြောင့် ရေလွှမ်းမိုးမှုကိုဖြစ်ပေါ်စေသော်လည်း ကြိုတင်သိရှိရသောကြောင့် ဆုံးရှုံးမှုကိုလျှော့ချနိုင်သည်။

**ရေလွှမ်းမိုးခြင်း၏သက်ရောက်မှုများ**

ရေလွှမ်းမိုးမှုများသည် လူမှုအသိုင်းအဝိုင်း၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကျယ်ပြန့်စွာသက်ရောက်မှုရှိသည်။ နေအိမ်များ၊ လုပ်ငန်းများနှင့် အခြေခံအဆောက်အဦများသည် ရေလွှမ်းမိုးမှုကြောင့် ပြင်းထန်စွာပျက်စီးနိုင်သည်။ ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်များပြားပြီး ထိခိုက်ခံရသူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းအပေါ် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများကိုဖြစ်ပေါ်စေသည်။ ရေလွှမ်းမိုးမှုများသည် စီးပွားရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေကာ ဝင်ငွေဆုံးရှုံးခြင်း၊ အာမခံလျော်ကြေးများတိုးမြင့်လာခြင်းနှင့်အရေးပေါ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုအတွက် ကုန်ကျစရိတ်များဖြစ်ပေါ်စေသည်။ စီးပွားရေးလုပ်ငန်းများသည် ရေရှည်လုပ်ငန်းလည်ပတ်မှုဆိုင်ရာဘေးထွက်ဆိုးကျိုးသက်ရောက်မှုများကို ကြုံတွေ့ရနိုင်သည်။

ရေလွှမ်းမိုးမှုများသည် မြေဆီလွှာတိုက်စားခြင်း၊ သဘာဝအလျောက်နေထိုင်ရာများကိုဖျက်ဆီးခြင်းနှင့် ရေအရင်းအမြစ်များကို ညစ်ညမ်းစေနိုင်သည်။ ဂေဟစနစ်ဆိုင်ရာနောက်ဆက်တွဲအကျိုးဆက်များကြောင့် ဒေသန္တရတိရစ္ဆာန်များနှင့် ဂေဟစနစ်ကို ကြာရှည်စွာထိခိုက်စေနိုင်သည်။

ထို့ပြင် ရေကြီးခြင်းသည် ရေနစ်ခြင်းနှင့်ထိခိုက်ဒဏ်ရာရရှိခြင်းကဲ့သို့သော တိုက်ရိုက်အန္တရာယ်များဖြစ်စေသည်။ မသန့်ရှင်းသောရေ၊ စိတ်ဖိစီးမှုနှင့် နေအိမ်များမှ ရွှေ့ပြောင်းခြင်းမှ ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေသည်။

**ကြိုတင်ကာကွယ်မှုဖြင့် ရေဘေးအန္တရာယ်လျော့ပါးစေခြင်း**

ရေကြီးမှုအန္တရာယ်ကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရာတွင် ကြိုတင်ကာကွယ်မှု၊ ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုအစီအမံများပေါင်းစပ်လုပ်ဆောင်ရပါမည်။ ရေလွှမ်းမိုးမှုခံရသောဒေသများတွင် ရေကြီးခြင်းကိုကာကွယ်နိုင်မည့် အဆောက်အအုံများကိုဆောက်လုပ်ခြင်းဖြင့် ရေကြီးခြင်းအန္တရာယ်ကိုလျှော့ချနိုင်သည်။ ထို့ပြင် စိမ်းလန်းသောအခြေခံအဆောက်အဦများ၊ စိုစွတ်သောမြေများနှင့်ရေလွှမ်းလွင်ပြင်များကဲ့သို့သော စိမ်းလန်းသောအခြေခံအဆောက်အဦများကို မြှင့်တင်ခြင်းဖြင့် ပိုလျှံနေသောရေများကိုစုပ်ယူနိုင်ပြီး ရေလွှမ်းမိုးမှုကို လျော့ပါးသက်သာစေနိုင်သည်။ ရေကြီးခြင်းမှ ကာကွယ်ရာတွင် ကမ်းပါးများ၊ ရေလွှမ်းမိုးခံနံရံများနှင့် ရေလွှမ်းမိုးမှုတံခါးများကဲ့သို့ အကာအကွယ်များတည်ဆောက်ခြင်းနှင့်ထိန်းသိမ်းခြင်းသည် ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။ ၎င်းအကာအကွယ်များကိုလည်း ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အမြဲတမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မိုးလေဝသခန့်မှန်းချက်နှင့်ရေကြီးရေလျှံမှုခန့်မှန်းရေးစနစ်များသည် အချိန်မီသတိပေးချက်များကိုဆောင်ရွက်နိုင်ပြီး လိုအပ်ပါက ရပ်ရွာများကို ကြိုတင်ပြင်ဆင်ကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်စေပါသည်။ ရေဘေးအန္တရာယ်နှင့်အရေးပေါ်လုပ်ငန်းစဉ်များအကြောင်း လူထုအားပညာပေးခြင်းသည်လည်း အရေးကြီးပါသည်။ ရာသီဥတုပြောင်းလဲမှု၏အရင်းခံအကြောင်းတရားများကို ဖြေရှင်းခြင်းနှင့် ပြောင်းလဲလာသောရာသီဥတုပုံစံများကို ရင်ဆိုင်ရန်အတွက် အခြေခံအဆောက်အဦများနှင့် ရေဘေးတုံ့ပြန်ရေးလေ့ကျင့်မှုများကို ကြိုတင်လေ့ကျင့်လုပ်ဆောင်ခြင်းသည် ရေလွှမ်းမိုးမှုအန္တရာယ်စီမံခန့်ခွဲမှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။

**မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆောင်ရွက်ချက်များ**

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်များပျက်စီးယိုယွင်းခြင်းနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့အရ မိမိတို့နိုင်ငံသည် သဘာဝဘေးအန္တရာယ်ခံရနိုင်ခြေမြင့်မားသည့် နိုင်ငံများတွင် ပါဝင်နေပါသည်။ မုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများနှင့် မြေပြိုတောင်ပြိုမှုများကို မြန်မာနိုင်ငံဒေသအများအပြားတွင် ကြုံတွေ့ရသည်။

မြန်မာနိုင်ငံသည် ကိုမန်၊ မာလာ၊ ဂီရိနှင့် နာဂစ်စသည့်မုန်တိုင်းအန္တရာယ်များကို တွေ့ကြုံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းသည် အပြင်းထန်ဆုံးဖြစ်ခဲ့ကာ ပြည်သူပေါင်း တစ်သိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဘီလီယံကျော်ခဲ့ရပါသည်။ ၂၀၂၃ ခုနှစ် မေလတွင်လည်း အလွန့်အလွန်အားကောင်းသော မိုခါ(MOCHA)မုန်တိုင်းကြီးနှင့် ရင်ဆိုင်ခဲ့ရသည်။

မိုခါမုန်တိုင်းသတင်းကို သိရှိရသဖြင့် မေလ ၆ ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှသတင်းများထုတ်ပြန်ခဲ့ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဌာနအသီးသီးတို့မှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်မှုများအား မုန်တိုင်းမဖြစ်ပေါ်မီ ၉ ရက် ကြိုတင်၍ စနစ်တကျအသေးစိတ်စီစဉ်ခဲ့သည်။ မေလ ၆ ရက်နေ့မှစ၍ မုန်တိုင်းသတင်းကို ရုပ်မြင်သံကြားများမှ နေ့စဉ်ဖော်ပြခဲ့သလို မုန်တိုင်းနီးကပ်လာသည့် မေလ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်တို့တွင် သတိပေးချက်များကို ဆက်တိုက်ထုတ်ပြန်ခဲ့ပြီး မေလ ၁၁ ရက်၌ မုန်တိုင်းဒီရေအထူးသတိပေးချက် ထုတ်ပြန်ခဲ့ပြီး ရေလွှမ်းမိုးနိုင်မည့်နေရာများအား တိကျစွာဖော်ပြပေးခဲ့သည်။ ပြည်သူများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကယ်ဆယ်ရေးတပ်ဖွဲ့များမှ ကူညီဆောင်ရွက်ပေးသောကြောင့် အချိန်မီရွှေ့ပြောင်းပေးနိုင်သဖြင့် မုန်တိုင်းတိုက်ခတ်မှုခံခဲ့ရချိန်တွင် မတော်တဆမှုကြောင့်သာ အနည်းငယ်အသက်သေဆုံးခဲ့ရပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း တောင်တရုတ်ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂိ၏အရှိန်ဖြင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် စက်တင်ဘာလ ၁၀ ရက်နေ့မှစ၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့်မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့နှင့်တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင် ရုတ်တရက်ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းကို နိုင်ငံတော်အကြီးအကဲမှ အချိန်နှင့်တစ်ပြေးညီ လိုက်လံကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၊ တံတားလမ်းများပြုပြင်ခြင်းလုပ်ငန်းများ စသည်တို့ကို အမြန်ဆုံးဆောင်ရွက်ရန်လမ်းညွှန်မှုပေးခဲ့ပါသည်။ အဆိုပါရေကြီးရေလျှံခြင်းကို နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့်အတူ မြန်မာနိုင်ငံအနှံ့ရှိ အလွှာအသီးသီးမှ လူတန်းစားအမျိုးမျိုးကလည်း ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်။

ရေကြီးရေလျှံမှုများကို ကြံ့ကြံ့ခံနိုင်ရန်အတွက် လမ်းတံတားများတည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကိုပါ ထည့်သွင်းတွက်ချက်တည်ဆောက်ခြင်း၊ ရေလွတ်နိုင်သည့် ခြေတံရှည်အိမ်အမြင့်များတည်ဆောက်ခြင်း၊ မြို့ရွာအတွင်း ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ မြို့ရွာများတွင်ရေဘေးကာကွယ်ရေးတာတမံများတည်ဆောက်ခြင်း၊ ခိုင်ခံ့အောင်မြှင့်တင်ခြင်းစသည့်ရေရှည်အစီအမံများ ဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်ကြုံတွေ့ကြရဖွယ်ရှိသော ရေကြီးရေလျှံ ရေလွှမ်းမိုးမှုအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြရပါမည်ဖြစ်ပါသည်။

နှစ်စဉ်လိုလိုကြုံတွေ့ရသည့် ရေဘေးကြောင့် လမ်းတံတားများ၊ လယ်ယာမြေများ၊ လူနေအိမ်ခြေယာခြေများအပါအဝင် ထိခိုက်ဆုံးရှုံးရသည့်ပမာဏမှာ လွန်စွာကြီးမားသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပြီး ရှေ့သို့တက်လှမ်းရမည့်အစား ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးတို့ကို မဖြစ်မနေဆောင်ရွက်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုတို့တန့်သွားရသည်။ ထို့ကြောင့် ရေလွှမ်းမိုးမှုအန္တရာယ်ကိုနားလည်သဘောပေါက်ပြီး ကြိုတင်ကာကွယ်ရေးအစီအမံများလုပ်ဆောင်ပါက ရေလွှမ်းမိုးမှု၏သက်ရောက်မှုများကို လျော့ပါးသက်သာစေပြီး အသက်၊ ပိုင်ဆိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်ပါကြောင်းကို ရေးသားလိုက်ရပါသည်။ ။

# လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့်လူမှုဖူလုံရေး အစည်းအဝေး (၂/၂၀၂၄)ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၂/၂၀၂၄) ကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အာမခံအလုပ်သမားများ ကြောင်း၊ ထို့ပြင် မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုအတွက် စာချုပ်ဆေးခန်း ၁၆ ခန်းတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်များကို ပြန်လည်ပေးအပ်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ အာမခံအမျိုးသမီးအလုပ် သမား ၆၁၅၅ ဦး အတွက် ငွေကျပ်သန်း ၃၃၂၈ ဒသမ ၇၉၉ ကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီး မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဥပဒေအရတင်ပြလာသည့်အကျိုးခံစားခွင့်အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလမှ ဩဂုတ်အထိ ငွေကျပ်သန်းပေါင်း ၇၂၁၀ ဒသမ ၈၇၂ ကိုလည်း ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ မလေးရှားနိုင်ငံ၌ အလုပ်တွင် ထိခိုက်သေဆုံးသွားသူ မြန်မာအလုပ်သမား ၂၉ ဦးနှင့် အမြဲတမ်းမသန်စွမ်းနှင့်လည်း အာမခံထားသူ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ မြန်မာနိုင်ငံသို့လွှဲပို့နိုင်ရေး လူမှုဖူလုံရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှုနှင့် ယခု(၂/၂၀၂၄) အစည်းအဝေးတွင် ဆွေးနွေးမည့် လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ရန်အမှာစာများကို ရှင်းလင်းတင်ပြပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအတွက်ယခုထက်ပိုမိုကောင်းမွန်





အား ပိုမိုထိရောက်ကောင်းမွန်ပြီး အလွယ်တကူ လက်လှမ်းမီသည့် ကျန်းမာရေးဝန်ဆောင်မှုများရရှိနိုင်ရန်အတွက် Provider Purchaser Split (PPS) စနစ်အရ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံများနှင့် စာချုပ်ချုပ်ဆို၍ Capitation Payment ဖြင့် ဆေးခန်း ၁၀ ခန်း၊ Fee for Service Payment စနစ်တို့ဖြင့် ဆေးခန်း ၆၂ ခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ အာမခံအလုပ်သမားလူနာများကို ကောင်းမွန်သည့် ကျန်းမာရေးစောင့် ရှောက်မှုများ ပေးနိုင်ခဲ့ဖြစ်သည့် မြန်မာအလုပ်သမားနှစ်ဦးတို့အတွက် မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (PERKESO) မှ ကာလအပိုင်း အခြားအလိုက်ပေးအပ်သည့် အကျိုးခံစားခွင့် ငွေကျပ်သန်း ၇၃၀ ဒသမ ၉၉၄ ၊ မလေးရှားရင်းဂစ် ၃၃၆၁၆ ဒသမ ၀၅ ကို မှီခိုသူမိသားစုနှင့် အလုပ်သမားများ၏ဘဏ်စာရင်းမှတစ်ဆင့် ခံစားရရှိခဲ့ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမား အများဆုံးသွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (Social Security Organization) သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်စေရန်နှင့် လက်ရှိ အကျုံးဝင်လွှမ်းခြုံမှုမှသည် တစ်မျိုးသားလုံးအကျုံးဝင်လွှမ်းခြုံနိုင်သည့် စီမံကိန်းဖြစ်စေရန် အတွက် အခြားအိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးနေသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# မြို့တွင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဒုတိယမြို့တော်ဝန် ဦးညီညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များအတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုသည်။

ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည်သဃ်န်းကျွန်းမြို့နယ် (၂၃)ရပ်ကွက် သုဝဏ္ဏတံတားအောက်ရှိ ခုနစ်ပင်လိမ်ချောင်းသို့စီးဝင်သည့် ရထားသံလမ်းရေမြောင်းနှင့် သုဝဏ္ဏတံတားဘေး ရေမြောင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် သုဝဏ္ဏတံတားဘေး မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်(၂၆)ရပ်ကွက်မြယမုံစမ်းအိမ်ရာအတွင်းရှိ (၄)ပေါက်တွဲရေတံခါး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်အတွင်း မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) မြို့ပတ်လမ်းထောင့် အမှတ်(၁)ဘက်စုံစိုက်ပျိုးမွေးမြူရေး စစ်မှုထမ်းဟောင်းကျေးရွာအနီး မြေ ၈ ဒသမ ၇ ဧကပေါ်တွင်သမာဓိကောင်းသာကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်နေသည့် သုံးထပ်အဆောက်အအုံလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြင့်နိုင်ဦးကို နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ၂၀၂၄-၂၀၂၅ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရန် ငြမ်းစေတီတည်ဆောက်ခြင်းနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာမင်္ဂလာအခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၂၄-၂၀၂၅ ခုနှစ်ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရန် ငြမ်းစေတီတည်ဆောက်ခြင်းနှင့်အန္တရာယ်ကင်းပရိတ်တရားတော်နာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီးရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

အခမ်းအနားများသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ၊ ပါဝင်ကုသိုလ်ယူဆောင်ရွက်ကြမည့်ဝန်ထမ်းများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များနှင့် ငြမ်းစေတီတည်ဆောက်မည့်လုပ်သားများ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊တိုင်းဒေသကြီးသာသနာရေးမှူး ဦးဇော်ဦးတို့က နတ်ဒေဝါများအား ကန်တော့ပွဲ၊ ထီး၊ တံခွန်၊ ကုက္ကားများဖြင့် ပင့်ဖိတ်ပူဇော်၍ အမွှေးနံ့သာများပက်ဖျန်းကာ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းလုပ်ငန်းကာလတစ်လျှောက် ဘေးဥပဒ်အန္တရာယ် များကင်းဝေးပါစေကြောင်း တိုင်တည်ဆုတောင်းကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ၊ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဩ့ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများရွတ်ပွားတော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဝိနယ+ဒီဃနိကာယပါဠိပါရဂူ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ငြမ်းစေတီတည်ဆောက်ရာတွင် အသုံးပြုမည့် ငြမ်းဝါး၊ အုန်းဆံကြိုးနှင့် ပစ္စည်းကိရိယာများအား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဆုတောင်းမေတ္တာပို့သပေးကြကြောင်းသိရသည်။

ဇော်မင်းလတ်(MNA)

# ရေသောက်စနစ်များ ရာသီချိန်အမီအသုံးပြုနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကွင်းဆင်းဆောင်ရွက်



**နေပြည်တော်  စက်တင်ဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရာဂိမုန်တိုင်း အကြွင်းအကျန်လေပွေလှိုင်း အရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတွင် ထိခိုက်ပျက်စီးခဲ့သော ဆည်တမံရေပေးမြောင်း၊ ရေသောက်မြောင်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ဆိုလာစနစ်မြေအောက်ရေတင်လုပ်ငန်းများ အချိန်မီပြန်လည်အသုံးပြုနိုင်ရေးအတွက် ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင်နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ မိုးစပါးစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက သက်တမ်းတိုစပါးမျိုးများ ပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါးထိခိုက်ပျက်စီးခဲ့သည့် လုပ်ကွက်ငယ်တောင်သူများ ရာသီချိန်အမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်တမ်းတို ရက်(၉၀)မျိုးစပါးများ၊ အသင့်ပျိုးထောင်ပြီးပျိုးပင်များ ထောက်ပံ့ပေးနိုင်ရေး၊ မိုးစပါး ပြန်လည်စိုက်ပျိုးခြင်းအတွက် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ပေးရေး၊ ကောက်စိုက်စက် အသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်ချက်များကူညီပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာရှိဆင်သေရေတင်စက်ရုံ ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် လက်ယာ(၁)မြောင်းမကြီး ပြုပြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ရေဆင်းဆည်ရေသောက်မြောင်းများ ပြုပြင်နေမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ်ရှိ ဆိုလာစနစ်မြေအောက်ရေတင်စက်များပြန်လည်အသုံးပြုနိုင်ရန် မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ မိတ္ထီလာလွင်ပြင်ရှိ ဆည်တမံများ ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုကို အမြန်ဆုံးပြုပြင်အသုံးပြုနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ်ရှိ မင်းသားကြီးကန်မြေသားပေါင် ထိခိုက်ပျက်စီးခဲ့မှုကိုလည်းကောင်း၊ သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံတွင် ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှုများကို စက်ယန္တရားများအသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်းစစ်ဆေးပြီး စနစ်တကျပြန်လည်ပြုပြင်စီမံ၍ ရာသီချိန်အမီ ရေသိုလှောင်နိုင်ရေးနှင့် မူလရေသောက်ဧရိယာ ၂၁၆ ဧကကို စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ်ရှိ ကင်းတားလက်ဝဲမြောင်းမကြီး ရေငုပ်ပြွန်နှင့် စမုံရာဘာတမံရေကျော်၍ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး သီးနှံထိခိုက်ပျက်စီးမှုများအား ပြန်လည်ကုစားနိုင်မည့် နည်းလမ်းများနှင့် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာနများမှ ချိတ်ဆက်ရယူပြီး ဒေသ၏ လယ်ယာကုန်ထုတ်စွမ်းအား ကျဆင်းမသွားစေရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(မဝ)

❒ **ရှေ့ဖုံးမှအဆက်**



ရန်ကုန်-မန္တလေးရထားလမ်း၊ သပြေတောင်းနှင့် စမုံဘူတာအကြား ရထားလမ်းနှင့် တံတားများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကိုတွေ့ရစဉ်။


ယာယီရပ်ဆိုင်းထားရသည့် ရထားခရီးစဉ်များကို အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ၁၈-၉-၂၀၂၄ ရက်နေ့မှစ၍ တပ်ကုန်းနှင့်သာစည်အကြား ရေတိုက်စားခံခဲ့ရသည့်နေရာအချို့ကို ပြုပြင်ပြီးနောက် တစ်လမ်းမောင်းစနစ်ကို အသုံးပြုနိုင်ပြီဖြစ်သဖြင့် သာစည်ဘူတာတွင် ယာယီရပ်တန့်ထားရသော အစုန်ကုန်ရထားတွဲဆိုင်းလေးဆိုင်းနှင့်ညောင်ရမ်းဘူတာ၌ရပ်တန့်ထားရသည့် အမှတ် (၂)အစုန်စာပို့ရထားတို့ကို ရန်ကုန်ဘက်သို့ ဆက်လက်စေလွှတ်ပေးနိုင်ပြီဖြစ်သည်။ ထို့အတူ ပျော်ဘွယ်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ရေနီဘူတာတို့၌ ရပ်တန့်ထားသော အဆန်ကုန်ရထားလေးစင်းတို့ကို သာစည်ဘူတာသို့ ရွှေ့ပြောင်းပို့ဆောင်ထားပြီဖြစ်သည်။


မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာလ ၁၉ ရက်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သပြေတောင်းဘူတာသို့ ရောက်ရှိပြီး သပြေတောင်းဘူတာနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများပျက်စီးမှု ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သပြေတောင်းနှင့် စမုံဘူတာအကြား တံတားအမှတ်(၆၉၁)အား ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဘောလီသံပေါင်များကို အမြန်ဆုံး ပို့ဆောင်ရေး၊ တံတားနေရာသို့ရောက်ရှိပြီးဖြစ်သည့် မြေထိုးစက်ယန္တရားများကို ပျက်စီးသွားသည့် ရထားလမ်းမြေသားတာပေါင် မြေဖို့ပြုပြင်ရာတွင် ထိရောက်စွာအသုံးပြုရေး မှာကြားခြင်း၊ ကျောက်ရထားပေါ်မှ (၆"x၉") လက်မကျောက်ကြီးများ ထည့်သွင်းဆောင်ရွက်နေမှုအခြေအနေ၊ တံတားအမှတ်(၆၉၅)၊ (၆၉၄)၊ (၆၉၃) တို့တွင် တံတားချဉ်းကပ်လမ်းများ ရေတိုက်စားသွားသဖြင့် သံလမ်းများခေတ္တဖြုတ်သိမ်းပြီး ရထားလမ်းတာပေါင်များ ပြန်လည်ဆောင်ရွက်မည့်အခြေအနေ၊ ရေတိုက်စားမျောပါသွားသည့် လမ်းခင်းကျောက်များ ပြန်လည်ဆယ်တင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့အတူ ပျက်စီးနေသည့် ရထားလမ်းနှင့်တံတားပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းနေရာများ၌ Steel Girder ထည့်သွင်းခြင်း၊ သံလမ်းဖြုတ်သိမ်းခြင်း၊ သဲအိတ်စီထပ်ခြင်း၊ (၆"x၉")လက်မ ကျောက်ကြီးများထည့်သွင်းခြင်း တာပေါင်မြေဖို့ခြင်း၊ သံလမ်းပြန်လည်ခင်းခြင်း၊ သစ်သားဖားထပ်ခွေခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စစ်ဆေးကာ တံတားအမှတ်(၆၉၁) နေရာ၌ ဆက်လက်ဆောင်ရွက်မည့် တံတားဘောလီသံပေါင်ထည့်သွင်းခြင်းလုပ်ငန်း အခြေအနေများအား အသေးစိတ်မှာကြား၍ စမုံနှင့် သပြေတောင်းအဆန် လမ်းပိုင်းအား စက်တင်ဘာလမကုန်မီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

၎င်းနောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သာစည်မှ ဘုရားငါးဆူအထိသွားရောက်ခဲ့ပြီး ရေတိုက်စား၍ ပျက်စီးလျက်ရှိသော သာစည်နှင့် လှိုင်းတက်ကြား၊ လှိုင်းတက်နှင့်ဘုရားငါးဆူအကြားရှိ ရထားလမ်းတာပေါင်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်လုပ်ငန်းများအား အမြန်ဆုံးစတင်ပြုပြင်ဆောင်ရွက်နိုင်ရန် မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့်တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ မန္တလေးအထိ လူစီးရထားများ၊ ကုန်ရထားများ ဆောလျင်စွာပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ)




◆ **အထူးမိုးလေဝသမှ**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။

(မဝ)

# နီပေါနိုင်ငံ၏အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၉

နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်သည်။






ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့်တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး နီပေါနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire ကနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire တို့က နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် အတူစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူး၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း / ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂိမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှစာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 0111284000000063 သို့လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

( ဂ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး




နေပြည်တော် စက်တင်ဘာ ၁၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဋ္ဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အရာထမ်း၊ အမှုထမ်းများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဋ္ဌေးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် ၂၀၀၅ ခုနှစ်ကတည်းက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတွင် လာဘ်ပေးလာဘ်ယူခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ ဆွေမျိုးကောင်းစားရေးပြုခြင်း၊ နီးစပ်ရာကောင်းစားရေးပြုခြင်း၊ အများပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ် သုံးစွဲခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်းစသည်ဖြင့်ရှိကြောင်း၊ နိုင်ငံတော်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူအားလုံးက အဂတိလိုက်စားမှုအကျင့်ဆိုးကို လုံးဝလက်မခံဘဲ အဂတိကင်းစင်သည့်လူ့ဘောင်ဖြစ်ရန် အတူတကွပူးပေါင်းတိုက်ဖျက်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ဝင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးတို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ်များ အဂတိလိုက်စားမှု၏သဘောသဘာဝများကိုပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိစက်ရုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ မီးခံအုတ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊ ဖိနပ်စက်ရုံ၊ အမှတ်(၉)အထည်စက်ရုံတို့တွင် ဂျာကင်နှင့်မိုးကာများ၊ ဖိနပ်များ၊ ဘောင်းဘီရှည်များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ရှိဆေးဝါးစက်ရုံ (အင်ရောင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုကြောင့် နေအိမ်များ မျောပါပျက်စီးခြင်း၊ နေအိမ်များအတွင်း ရေများဝင်ရောက်ခြင်းတို့ကြောင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ကျောက်ဆည်ခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးအဆင့် ဝန်ထမ်းမိသားစု ၁၇ စု၊ ပျက်စီးဆုံးရှုံးမှု အလယ်အလတ်အဆင့် ဝန်ထမ်းမိသားစု ၄၂ စု၊ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးအဆင့် ဝန်ထမ်းမိသားစု ၁၅၆ စု စုစုပေါင်းဝန်ထမ်းမိသားစု ၂၁၅ စု ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ဝန်ထမ်းမိသားစုများ၏ လိုအင်ဆန္ဒအတိုင်း ဖြည့်ဆည်းပေးနိုင်မှုမရှိသော်လည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် စက်ရုံမှူးများက ရေကြီးရေလျှံမှုကြောင့် ဝန်ထမ်းများ၏နေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် အမှတ်(၇) အထည်စက်ရုံ (မြစ်သား)၊ အမှတ်(၉)အထည်စက်ရုံ (ကျောက်ဆည်)၊ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၊ ဆေးဝါးစက်ရုံ (အင်ရောင်း)တို့မှ ဝန်ထမ်းအိမ်ထောင်စု ၂၅၁ စုတို့ကို ငွေကျပ် ၄၅၅ သိန်း၊ ဖိနပ်အရန် ၂၅၀ နှင့်ခါတ်ဆားထုပ်များထောက်ပံ့ပေးအပ်ကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) သို့ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးရုံသုံးပရိဘောဂများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့် မှာယူထားသည့်ပစ္စည်းများကို အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေးအလေးထားဆောင်ရွက်ရန်၊ စက်ရုံမှထုတ်လုပ်သည့် ပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေး တစ်သမတ်တည်း ထိန်းသိမ်းထားနိုင်ရန်အတွက် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယခုရက်ပိုင်းအချိန်တွင် မိုးအဆက်မပြတ်ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဝန်ထမ်းများ၏မိသားစုများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေကိုမေးမြန်းပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပါသည်။

(မိုး/ဇလ)

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်



ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခင်ခင်လွင်အောင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံမှ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး မခင်ခင်လွင်အောင်သည် စက်တင်ဘာလ ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း – ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ကနူး ၊ ညိမ်းသူ(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Mount Popa seeks UNESCO global geopark recognition

YANGON September 19

Among several promising locations in Myanmar, Mount Popa was declared the country's first national geopark on 6 December 2023 due to its exceptional potential.


According to the National-level Committee on Geoparks, new geosites are being identified for Mount Popa National Geopark, Myanmar's first national-level geopark, in order to gain recognition as a global geopark.

Efforts are underway to increase the number of proposed geosites from 15 to 30, as it is crucial to identify a diverse range of geological sites for Mount Popa to qualify as a UNESCO global geopark.



Various organizations, academic institutions, and research groups will collaborate on this project, which, if successful, will raise international awareness of Myanmar's rich natural resources and cultural heritage. **SK**

# Lobsters from Taungup popular in Yangon market



YANGON September 19

Lobsters from Taungup Township, Rakhine State, are mainly ordered from hotels in Yangon and some beaches in Ayeyawady Region, according to market inquiries.

Recently, lobster prices have been falling, and in Taungup Township, lobsters have become abundant since last August.

"At the moment, the price of lobster is falling. It's convenient to buy and sell. Hotels use it a lot. Some families also have it. Other stores don't use it. Since August, lobster has become a little more abundant, and its price dropped a little. Mandalay doesn't consume lobster much. Hotels in Yangon use it, so we send it mostly to Yangon. There are orders from hotels in Chaungtha and Ngwehsaung. The lobster is either natural or farmed. After September, in post-rainy season, the price may be better, but now the price is falling," said Ma San San Oo from a lobster business in Taungup Township.

Lobsters had been scarce recently, she added. "During the last six months, we had not caught lobsters. The lobsters reappeared just two months ago. One reason is that farms cannot produce lobsters. Some buy live lobsters," the lobster business woman said. **SMK**

# Farmers emphasize cultivation of pigeon pea in YeU Township this monsoon

YeU September 19

YeU District Agriculture Department stated that a total of 6,211 acres of pigeon pea has been planted in YeU Township of Sagaing Region this monsoon.

In 2024-2025 monsoon, Yeu Township earmarked 6,224 acres of pigeon pea but local farmers grew 6,211 acres of pigeon pea against the target of cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "Local authorities earmarked 6,224 acres of pigeon pea this monsoon but local farmers grew 6,211 acres of the bean. Township authorities assist in cultivation of pigeon pea to have higher per-acre yield. Local farmers grow pigeon pea separately as well as in mixed-crop pattern."

This year, YeU Township encourages local farmers to select quality strains of crops, use correct agricultural technique, prevent pests and boost per-acre yield of crops.

Moreover, township agricultural staff share knowledge with local farmers how to make pesticides and natural fertilizers in order to cut cost of farming works. **SK**

# More than 700 acres of peanut plants thriving in Katha District

KATHA September 19

The statistics of Katha District Agriculture Department stated that a total of 740 acres of croplands have been placed under monsoon peanut plants in Katha District of Sagaing Region.

In 2024-2025 monsoon season, Katha District authorities set a plan to grow 913 acres of peanut but local farmers grew 740 acres of peanut against the target cultivation.

U Myint Soe, Head of Katha District Agriculture Department said: "Local authorities earmarked cultivation of 930 acres of monsoon peanut this season but local farmers have so far planted 740 acres of peanut against the target. They are striving for meeting the target cultivation. Peanut plants are thriving in the croplands. Sown acreage is on the rise in the district year after year."

This year, Katha Township planted 180 acres of peanut plants, Indaw Township 150 acres, Htigyaing Township 32 acres and Bamauk Township 378 acres, totalling 740.

In 2024-2025 season, Katha Township planned to grow 344 acres of peanut, Indaw Township 150 acres, Htigyaing Township 32 acres and Bamauk Township 387 acres, totalling 913.

Local farmers need to use 1.5 baskets per acre for cultivation and cost more than Ks-200,000 per acre for labour charge and pesticides but each acre yields more than 50 baskets per acre.

Staff members of relevant agriculture departments of Katha District provide necessary assistance for local farmers with agricultural techniques, pesticides and weeding. **SMK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Khamti Township cultivates 7,133 acres of rain-fed rice

KHAMTI September 19

A total of 7,133 acres of rain-fed rice have been planted in Khamti Township, Khamti District, Sagaing Region, according to statistics from the Department of Agriculture for Khamti Township.

During the 2024-2025 rain crops planting season, 8,350 acres of rain-fed rice are planned to be planted in Khamti Township, and 7,113 acres have been planted since June this year.

"We are providing the necessary technology and varieties to reach the designated rain-fed rice. We are conducting fieldwork so that farmers can plant rain-fed rice on time," said Daw Su Su Khaing, head of the Department of Agriculture for Khamti Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

It is reported that the department is providing agricultural technology, education on prevention of pest infestation, damage to crops, and the timely arrival of harvested rice under shelter to rain-fed rice farmers in Khamti Township.

**SMK**

# Labutta Township ships 85,000 visses of loaches to Yangon market

LABUTTA September 19

Up to 85,000 visses of loaches from Labutta Township, Ayeyawady Region were shipped to Yangon, said Daw Tin Htwe, owner of fishery wholesale center in Labutta Township.

During June, up to 55,000 visses of loaches from Labutta Township were sold and from July 1 to 31, up to 85,000 visses of loaches from Labutta Township, Ayeyawady Region were shipped to Yangon. The price of one viss of loach is up to Ks-19,500.

"During July, fishery products including loaches from Labutta Township were sold in Yangon market. We sold fishery products mainly in Yangon market. Yangon market is ordering more loaches. It's convenient for us including the workers," she said.

The demand is good so the truck rental business owners, fishermen and the cargo workers are getting jobs comfortably.

**SK**

# More than 4,000 acres of vegetables planted in Wetlet Township this monsoon

WETLET September 19

The statistics of Wetlet Township Agriculture Department of Sagaing Region have stated that a total of 4,253 acres of vegetables has been grown as monsoon crops in Wetlet Township.

In 2024-2025 monsoon season, Wetlet Township earmarked cultivation of 4,225 acres of vegetables. But, local farmers have so far planted 4,253 acres of vegetables exceeding the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department said: "Local authorities planned to grow 4,225 acres of vegetables this monsoon. However, local farmers strived for exceeding the target of crops by growing 4,253 acres of vegetables on the croplands. They could meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, Chinese cabbage and cauliflowers. Staff members of our department helped local farmers grow crops with good agricultural practice-GAP system and shared agricultural techniques with local farmers for minimizing chemical residue at agricultural produce in accord with the health protocols."

The Township Agriculture Department conducted training courses for agricultural staff and local farmers to enhance their capacity in growing vegetable crops and produce healthy products as well as expand sown acreage of vegetables.

As local farmers grow various kinds of vegetables in all seasons in Wetlet Township, these crops are thriving at their farms at present. Subsequently, local farmers can earn increased incomes from their vegetable plantations. Staff of the township agriculture department raise farmer awareness to use correct agricultural techniques, prevent pests and make natural fertilizers and pesticides for preventive measures.

**SK**

# Türkiye warns of regional escalation after deadly device explosions in Lebanon

ANKARA September 19

Israel has started to "escalate the attacks step by step towards Lebanon," and the escalation in the region is worrying, Turkish Foreign Minister Hakan Fidan said Thursday.

"We have reached a point where the Israeli operation is becoming more and more provocative, and Hezbollah and Iran no longer have any option but to respond," Fidan told the semi-official Anadolu Agency.

The explosions in Lebanon are part of Israel's strategy on the Gaza conflict, and it aims to "see Gaza accounts first and then shift to Lebanon," he said.

Fidan said he spoke with Lebanese Prime Minister Najib Mikati after the explosions in Lebanon and offered Türkiye's medical support if needed.

Lebanese officials reported that explosions targeting pagers and handheld radios killed at least 37 people and injured more than 2,931 others across Lebanon on Tuesday and Wednesday.

Meanwhile, Israeli Defence Minister Yoav Gallant announced on Wednesday that Israel has entered a "new phase" in its conflict with Hezbollah.

No Israeli officials, including Gallant, have claimed responsibility for the explosions, which Hezbollah attributed to Israel.

**Xinhua**

# Russian Forces strike key Ukrainian intelligence communication center



MOSCOW September 19

The Russian Defence Ministry also reported that concentrations of Ukrainian personnel and equipment were targeted in 142 different areas.

Aviation, artillery, and drone units of the Russian Armed Forces struck the main special radio communication center of Ukrainian military intelligence and critical airfield infrastructure targets, according to the Russian Ministry of Defence (MoD).

"Operational-tactical aviation, unmanned aerial vehicles, missile forces, and artillery of Russian Armed Forces groups struck the main special radio communication center of the Main Directorate of Intelligence of the Ukrainian Armed Forces, as well as critical airfield infrastructure targets in Ukraine," the Russian military report stated.

Additionally, concentrations of enemy personnel and military equipment were struck in 142 areas. Russian air defences down 41 Ukrainian drones, the Russian MoD further clarified.

**Sputnik**

# Vietnam's frozen durian export to China to reach 300 mln USD in 2024



HANOI September 19

Vietnam's frozen durian export to China is expected to hit 300 million U.S. dollars this year, Vietnam News Agency reported, citing Huynh Tan Dat, director of the Plant Protection Department under the Vietnamese Ministry of Agriculture and Rural Development on Thursday.

While Vietnam holds great potential for exporting frozen durian to China, the country is facing numerous challenges including ensuring food hygiene and safety requirements, packaging processes and traceability, he said.

The official said businesses need to constantly improve freezing technology, product quality, tracking systems, and production control of the frozen durian.

Last month, the two countries signed a protocol for exporting frozen durian from Vietnam to China.

In 2023, Vietnam exported about 500,000 tons of fresh durian with revenue of 2.3 billion dollars, up to 90 percent of which was to China, according to the ministry.

**Xinhua**

# Iran, Burkina Faso sign MoU for peaceful nuclear cooperation

TEHRAN September 19

Iran and Burkina Faso have signed a memorandum of understanding (MoU) for cooperation in peaceful nuclear activities, Iran's official news agency IRNA reported Thursday.

Officials from the two countries signed the MoU on the sidelines of the 68th regular session of the General Conference of the International Atomic Energy Agency in Vienna. It includes bilateral cooperation on research, education, and implementation of joint projects, IRNA reported.

On Monday, Pezeshkian asserted that his country has no intention of developing nuclear weapons, pushing back against international concerns over its uranium enrichment program.

In 2015, Iran signed the Joint Comprehensive Plan of Action with several major countries around the world, in which Iran agreed to limit its nuclear program in exchange for sanctions relief.

The agreement has been in jeopardy since the United States withdrew in 2018 under former President Donald Trump, reimposing sanctions on Tehran.

Efforts to revive the deal have stalled since August 2022, despite multiple rounds of negotiations in Vienna. As tensions persist, the international community continues to watch Iran's nuclear activities with heightened scrutiny.

**Xinhua**

# Israel created shell company to produce explosive pagers shipped to Lebanon - reports

MOSCOW September 19

Israel has created a shell company to manufacture explosive pagers that were then shipped to Lebanon, media reported, citing three intelligence officers.

According to the officers, by its appearance, BAC Consulting Kft. was a Hungary-based company that had a contract to manufacture the devices on behalf of the Taiwanese company Gold Apollo, while in fact, it was part of an Israeli front company.

At least two more front companies were created to mask the true identities of the people who created the pagers — Israeli intelligence officers.

At the same time, BAC Consulting Kft. had ordinary clients, for whom it produced pagers without explosives, the newspaper reported.

**Sputnik**

# 6.0-magnitude quake hits Papua New Guinea Region -- GFZ

HONG KONG September 19

An earthquake with a magnitude of 6.0 jolted Papua New Guinea Region at 08:41 GMT on Thursday, the GFZ German Research Centre for Geosciences said.

The epicenter, with a depth of 195.3 km, was initially determined to be at 5.49 degrees south latitude and 147.52 degrees east longitude.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Test reveals if you're at risk of ultra-deadly pancreatic cancer - here's how YOU can take it

It's a cancer that kills over 95 percent of all those diagnosed within five years of their diagnosis.

Pancreatic cancer, famed for subtle and symptoms that means for the vast majority of cases are only caught in its later and deadlier stages, kills almost 10,000 Britons each year, equivalent to about one person every hour.

But a new tool hopes to turn the tide and boost survival rates for the disease.

Charity Pancreatic Cancer UK, with the support of NHS England, are launching The Family History Checker - an online resource which helps people assess their genetic risk of pancreatic cancer.

About one in ten cases of the disease are thought to be caused by genes that increase a person's risk of developing the cancer.

Those identified as being at an increased risk by the tool will then be directed to specialists for a consultation.

If this increased risk is confirmed that person will then be referred for annual cancer monitoring, which includes blood tests and scans.


The hope is that if they do develop the disease, it's proactively caught in the earlier, more treatable, stages.

One person who knows all too well the fear of inheriting pancreatic cancer is Rachel Smith.

The 42-year-old has seen both her father and brother been hit by the disease.

For her brother Jim, the diagnosis turned out to be a fatal one.

Her father was the first to be struck back in 2017 but he was one of the lucky few whose disease was caught early enough that a radical 12-hour surgery saved his life.




Jim wasn't so lucky. Delays to diagnosis due to the pandemic meant his case went from potentially operable to inoperable.

He died eight months after being diagnosed leaving a young family behind.

Ms Smith said: When my brother Jim was first diagnosed, a potential genetic link was more of an after-thought.

'We were initially just hopeful – hopeful as we'd been through it all before with Dad. It's not until after Jim passed that we thought about the possibility of a link.'

Considering her own risk of the disease, Ms Smith enquired about genetic testing and, after an assessment similar to that of the new tool, she was invited for annual checks and given a specialist to contact if she started to experience symptoms.

She said this had been incredibly valuable: Being invited for a yearly check-in is reassuring, and it's good to know these programmes are in place for the next generation, for Jim's children and mine.

'Jim was diagnosed at the age of 43 – if he had been on a surveillance programme, maybe the changes in his pancreas would have been noticed earlier.

'Getting those at risk on to these programmes as early as possible will make a huge difference. There is simply nothing that can be done if it's too late.'

The Family History Checker, which can be visited here, will ask people for details like their family history of the disease and other genetic conditions which have been linked to increased risk of the cancer.

Pancreatic Cancer UK chief executive Diana Jupp said they hoped the tool would help not only reassure people by linking those at risk to monitoring but also save lives.

'Pancreatic cancer is a devastating disease and once someone in your family has been affected, it's hard not to become fearful for yourself and others in your life,' she said.

We are so proud to be supported by NHS England on this project, which will help alleviate anxiety around inherited risk of the disease and identify the people who most need regular monitoring.

It is now vital that as many people as possible use the Family History Checker, so that everyone who should be referred for regular monitoring is found.

'The earlier pancreatic cancer is spotted, the more likely it is that people will be able to have lifesaving treatment. By reaching more people, lives could be saved.'

Professor Peter Johnson, NHS national clinical director for cancer, added: This new Family History Checker is a great tool for families where someone has had pancreatic cancer and will help the NHS to identify and support people at risk from it.

I know it can be daunting to find out if you are at risk of pancreatic cancer, and some people may feel they'd rather not know, but finding out early means people can get the support they need from the NHS.

Pancreatic Cancer UK launched their tool as a poll conducted by the charity of 1,000 GPs found only one in ten knew where to refer patients for surveillance.

Rates of pancreatic cancer have increased in the UK by about 17 percent since the 90s, with soaring obesity among Brits suspected to be behind the rise.

But some groups have seen far higher increases. Mail Online revealed earlier this year that rates of the disease have soared by 200 percent among women under the age of 25 in the same period.

With no similar spike observed in men of the same ages experts have been unable to pin a potential cause.

A number of celebrity diagnoses within the past 12 months have thrown the disease into the spotlight.

Former England manager Sven-Goran Eriksson, recently died from the disease, aged 76.

Meanwhile, last May it was revealed that The Smiths bassist Andy Rourke had also died from the illness.

Other famous victims include legendary actors Patrick Swayze and Alan Rickman as well as Apple's iconic founder Steve Jobs.

Brits in their 80s are most likely to be diagnosed with pancreatic cancer, with the risk of getting the disease, much like other cancers, broadly increasing with age.

Other known risk factors for the disease include smoking and obesity.

The pancreas is a tadpole-shaped organ that forms part of the digestive system and also performs a crucial role in hormone regulation.

It is located just behind the stomach and is about 25cm in length.

In its digestive role, it helps produce enzymes that help the body break down food into the nutrients it needs.

It is also critical in making hormones responsible for controlling blood sugar levels in the body.

**Daily Mail**

# HEALTH

## ကိုယ်အလေးချိန်ကျဆင်းစေမည့်လျှို့ဝှက်ချက်များကို သုတေသီများတွေ့ရှိ

LMU တက္ကသိုလ်ဆေးရုံမှ သုတေသီများက ကိုယ်အလေးချိန်ကျဆင်းစေမည့် လျှို့ဝှက်ချက်များကို တွေ့ရှိထားသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုလျှို့ဝှက်ချက်မှာ အထူးဖြစ်သော အဆီကလာပ်စည်းများဖြစ်သည့် Brown Adipocytes များက ကယ်လိုရီကြွယ်ဝသောအာဟာရဓာတ်များကို အပူအဖြစ်သို့ပြောင်းလဲပေးခြင်းအားဖြင့် ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးနိုင်သောကြောင့် ကိုယ်အလေးချိန်မြင့်တက်မှုကိုသာမက ကိုယ်တွင်းဇီဝဖြစ်စဉ်ကမောက်ကမဖြစ်မှုတို့ကို ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။

အထူးသဖြင့် အဆီလောင်ကျွမ်းစေသည့်ကလာပ်စည်းများကြောင့် ကိုယ်အလေးချိန်လျော့ကျစေခြင်းဖြစ်သည်။ ထို့ကြောင့် လူများအနေဖြင့် ယင်းကလာပ်စည်းနှင့်ပတ်သက်၍ ကောင်းစွာထိန်းညှိမှုလုပ်နိုင်ပါက ခန္ဓာကိုယ်သွယ်လျကာ ဆီးချိုရောဂါနှင့် နှလုံးရောဂါများဖြစ်ပွားမှုတို့ကိုလည်း ကျဆင်းစေနိုင်သည်ဟု သုတေသီများကထုတ်ပြန်ထားသည်။

သုတေသီများသည် သီးသန့်ခွဲထုတ်ထားသော Mitochondria၊ ဖန်တီးထားသောကလာပ်စည်းများနှင့် တိရစ္ဆာန်တစ်ကောင်၏စံပြုပုံစံတို့ကို အခြေခံ၍ သုတေသနပြုလေ့လာမှုများ လုပ်ဆောင်ခြင်းဖြစ်သည်။

၎င်းတို့အနေဖြင့် ယခုကဲ့သို့တွေ့ရှိချက်ကိုထုတ်ပြန်နိုင်သော်လည်း ကုထုံးတစ်ရပ်အနေဖြင့် အသုံးပြုမှုအတွက်ဆိုပါက နောက်ထပ်လေ့လာမှုများလုပ်ရဦးမည်ဟုသုတေသီများကပြောသည်။ **Ref: STD**

**K.H**



## မြောက်အမေရိက၌ အင်းဆက်စားလင်းနို့များသေဆုံးမှု မွေးကင်းစကလေး ၁၀၀၀ ကျော်ကွယ်လွန်

မြောက်အမေရိကဒေသ၌ အင်းဆက်စားလင်းနို့များသေဆုံးမှုက မွေးကင်းစကလေး ၁၀၀၀ ကျော်ကွယ်လွန်မှုကိုဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ဖြစ်ရသည့်အဓိကအကြောင်းရင်းမှာ လင်းနို့အရေအတွက်ကျဆင်းလာသည့်အတွက် တောင်သူများက စိုက်ခင်းများတွင်ပိုးသတ်ဆေးများကို ပိုမိုအသုံးပြုလာရခြင်းကြောင့်ဖြစ်သည်ဟု သုတေသီများ၏တွေ့ရှိချက်တွင် ဖော်ပြထားသည်။

လင်းနို့များသည် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ပိုးသတ်ဆေးများဖြစ်သော်လည်း ၂၀၀၆ ခုနှစ်မှစ၍ လင်းနို့များနေထိုင်ရာဂူများအတွင်း မှိုရောဂါတစ်မျိုးတွယ်ငြိမှုကြောင့် ထိုတိရစ္ဆာန်များ လျော့နည်းကျဆင်းလာရခြင်းဖြစ်သည်။

ထို့နောက် စိုက်ခင်းများတွင်အင်းဆက်ပိုးများတွယ်ငြိမှု ပိုမိုများပြားလာချိန်တွင် တောင်သူများက ပိုးသတ်ဆေးများကို ပို၍သုံးစွဲလာရကာ ၎င်း၏အကျိုးဆက်အနေဖြင့် လူ့အဖွဲ့အစည်းတွင် ဒေါ်လာ ၂၉ ဒသမ ၆ ဘီလီယံဆုံးရှုံးမှုဖြစ်ပေါ်ရသည်ဟု သုတေသီများထုတ်ပြန်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အင်းဆက်စားလင်းနို့အကောင်ရေကျဆင်းလာခြင်းက လူသားများကို ထိခိုက်စေကြောင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: STD**

**K.H**



# MILITARY

## မြောက်ကိုရီးယားက အမြင့်ပျံနှင့်အနိမ့်ပျံဒုံးကျည်အသစ်များကို အောင်မြင်စွာစမ်းသပ်နိုင်



မြောက်ကိုရီးယားနိုင်ငံက နည်းဗျူဟာမြောက် အမြင့်ပျံဒုံးကျည်အသစ်ကိုသာမက အဆင့်မြှင့်တင်ထားသော အနိမ့်ပျံဒုံးကျည်ကိုပါ အောင်မြင်စွာစမ်းသပ်ပစ်လွှတ်လိုက်နိုင်ကြောင်းနှင့် ထိုပစ်လွှတ်မှုများကို ကင်ဂျုံအွန်ကိုယ်တိုင် ကြီးကြပ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက စက်တင်ဘာလ ၁၉ ရက်တွင်ထုတ်ပြန်ထားသည်။

ပထမဆုံးပစ်လွှတ်လိုက်သည့် ဒုံးကျည်အသစ်မှာ Hwasongpho-11 Da-4.5 ဖြစ်ပြီး လေးတန်ခွဲရှိသမားရိုးကျထိပ်ဖူးကို တပ်ဆင်ပစ်ခတ်နိုင်ကာ ယခုစမ်းသပ်မှုက ကီလိုမီတာ ၃၂၀ ရှိပစ်မှတ်ကို တိကျစွာ ထိမှန်နိုင်မှုစွမ်းရည်ကို စမ်းသပ်ခြင်းဖြစ်သည်ဟု KCNA သတင်းဌာနကဖော်ပြထားသည်။ သို့သော် အဆင့်မြှင့်တင်ထားသော အနိမ့်ပျံဒုံးကျည်၏ အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိကြောင်း တွေ့ရသည်။

ဒုံးကျည်စမ်းသပ်မှုကို ခေါင်းဆောင်ကင်ဂျုံအွန်ကိုယ်တိုင် ရောက်ရှိကွပ်ကဲနေခြင်းသည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒုံးကျည်အစီအစဉ်အပေါ် မည်မျှအထိ အလေးထားဆောင်ရွက်နေသည်ကို မြင်တွေ့နိုင်သည်။

ထို့ပြင် မြောက်ကိုရီးယားက နည်းဗျူဟာမြောက် အမြင့်ပျံဒုံးကျည်စနစ်များကို တိုးတက်ထုတ်လုပ်မှုအပေါ် ပိုမိုအာရုံစိုက်လာကြောင်းတွေ့ရသည်။ **Ref: AR**

**K.H**

## ဗြိတိန်က M270 အတွဲလိုက်ဒုံးပစ်လောင်ချာပိုင်ဆိုင်မှုကို နှစ်ဆတိုးမြှင့်မည်



ဗြိတိန်စစ်ဘက်က M270 အမျိုးအစား အတွဲလိုက်ဒုံးကျည်များပိုင်ဆိုင်မှုကို ၂၀၂၉ ခုနှစ်တွင် နှစ်ဆတိုးမြှင့်သွားရန်စီစဉ်ထားသည်။ ထိုသို့စီစဉ်ရခြင်းသည် လက်ရှိကာလနှင့် အနာဂတ်ကာလလိုအပ်ချက်များနှင့်အညီဖြစ်စေရန်ဖြစ်ကြောင်း စစ်ဘက်ကထုတ်ပြန်ထားသည်။

လက်ရှိတွင် ဗြိတိန်ကြည်းတပ်သည် M270 အတွဲလိုက်ဒုံးပစ်လောင်ချာ အစင်း ၂၉ စင်းကို ပဲ့ထိန်းအတွဲလိုက်ပစ်ဒုံးများဖြင့် တွဲဖက်အသုံးပြုနေခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်များကြောင့် ကီလိုမီတာ ၇၀ အကွာအဝေးရှိပစ်မှတ်များကို ထိမှန်နိုင်စွမ်းရှိစေသည်။

ယခုကဲ့သို့ အတွဲလိုက်ဒုံးပစ်လောင်ချာများကိုတိုးမြှင့်မှာယူနေခြင်းက ဗြိတိန်ကြည်းတပ်အနေဖြင့် တာဝေးပစ်အမြောက်တပ်ဖွဲ့များကို ပြန်လည်ဖွဲ့စည်းပြင်ဆင်မှုများလုပ်ဆောင်လာတော့မည့်သဘောဖြစ်ကြောင်းသိရသည်။ **Ref: AR**

**K.H**

## ဘိုးအင်းက မောင်းသူမဲ့ဝဲဟင်ဆီဖြည့်လေယာဉ်ကိုဖန်တီးပြသ

ဘိုးအင်းကုမ္ပဏီက မောင်းသူမဲ့ဝေဟင်ဆီဖြည့်လေယာဉ်တစ်မျိုးကို ဖန်တီးပြီး ထုတ်ဖော်ပြသလိုက်သည်။ ထိုလေယာဉ်မှာ မြေပြင်အခြေစိုက် MQ-29 ဆီဖြည့်လေယာဉ်ဖြစ်ပြီး လေကြောင်းပြပွဲတစ်ခုတွင်ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။



ယင်းမောင်းသူမဲ့ဆီဖြည့်လေယာဉ်ကို အမေရိကန်လေတပ်၏ အနာဂတ်ဝေဟင်ဆီဖြည့်လိုလားချက်များနှင့်ကိုက်ညီစေရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်သည့်အတွက် စွမ်းဆောင်ရည်များကို တိုးတက်စေမည်ဖြစ်ကြောင်း ဘိုးအင်းကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လေယာဉ်တင်သင်္ဘောအခြေပြု MQ-29 လေယာဉ်နှင့်နှိုင်းယှဉ်ပါက ယခုဝေဟင်ဆီဖြည့်လေယာဉ်၏ တောင်ပံအလျားကို ၉၂ ပေအထိတိုးမြှင့်လိုက်သောကြောင့် လေယာဉ်ဆီပမာဏကို ၄၀ ရာခိုင်နှုန်း ပိုမိုတင်ဆောင်နိုင်စေမည်ဖြစ်သည့်အတွက် လေယာဉ်များ၏စွမ်းရည်ကိုပိုမိုတိုးတက်စေမည်ဖြစ်သည်။ **Ref: AR**

**K.H**

# တောင်ကိုရီးယားက ဟန်ဆောင်နည်းပညာကိုတိုက်ဖျက်ရန် ဒေါ်လာသန်းပေါင်းများစွာအသုံးပြုမည်

ဆိုး၊ မှုခင်း

တောင်ကိုရီးယားရဲတပ်ဖွဲ့က နိုင်ငံ၌ ဟန်ဆောင်နည်းပညာကို တိုက်ဖျက်နိုင်ရေးအတွက် သုံးနှစ်အတွင်းဒေါ်လာသန်းပေါင်းများစွာ အသုံးပြုသွားမည်ဟု စက်တင်ဘာလ ၁၉ ရက်တွင်ထုတ်ပြန်သည်။


ထိုဟန်ဆောင်နည်းပညာဆိုသည်မှာ အခြားသူတစ်ဦးဦး၏ အသံနှင့်ရုပ်များကို လိမ်လည်သူက ရယူကာ ပြစ်မှုများကျူးလွန်နိုင်စေသည့်နည်းပညာဖြစ်ပြီး ရဲတပ်ဖွဲ့က ထိုနည်းပညာကိုတိုက်ဖျက်နိုင်မည့် နည်းပညာအတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်း ရင်းနှီးမြှုပ်နှံသွားရန်စီစဉ်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်များတွင် တာဝန်ရှိသူများသည် တယ်လီဂရမ်ရှိစကားပြောခန်းများတွင် ဟန်ဆောင်နည်းပညာအသုံးပြု၍ ကျောင်းသူများ၊ ဝန်ထမ်းအမျိုးသမီးများ၏ ဝတ်လစ်စလစ်လှုပ်ရှားမှုပုံရိပ်များကို မျှဝေမှုလုပ်နေကြောင်းတွေ့ရှိပြီးနောက် ရဲတပ်ဖွဲ့က ယခုကဲ့သို့စီစဉ်လာခြင်းဖြစ်သည်။

ဟန်ဆောင်နည်းပညာကို တန်ပြန်ဖော်ထုတ်နိုင်မည့်နည်းပညာအတွက် နှစ်စဉ်ဝမ် ၂ ဒသမ ၇ ဘီလီယံကို ၂၀၂၇ ခုနှစ်အထိအသုံးပြုသွားမည်ဖြစ်ပြီး လက်ရှိသုံးနေသောဆော့ဝဲများကိုလည်း ငွေကြေးအကုန်အကျခံ၍ အဆင့်မြှင့်တင်မှုများ လုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် လိင်ပိုင်းဆိုင်ရာ ဆိုက်ဘာရာဇဝတ်မှုများကိုတိုက်ဖျက်နေသော်လည်း ၂၀၁၈ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ အလားတူအမှုအခင်းဖြစ်ပွားမှု ၁၁ ဆမြင့်တက်လာကြောင်းသိရသည်။

Ref: TST




## သတင်းတိုကဏ္ဍ

### ကမ္ဘောဒီးယားက အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေး

ကမ္ဘောဒီးယားအစိုးရက အထည်ချုပ်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်းနှင့် ခရီးဆောင်ကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများရှိ ဝန်ထမ်းများအတွက် အနိမ့်ဆုံးလုပ်ခလစာကို စက်တင်ဘာလ ၁၉ ရက်တွင် တိုးမြှင့်ပေးလိုက်ကြောင်း သိရသည်။

တိုးမြှင့်ပေးလိုက်သည့်ပမာဏမှာ လက်ရှိ၂၀၄ ဒေါ်လာမှ ၂၀၈ ဒေါ်လာအထိဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ အဆိုပါနှုန်းထားအတိုင်း စတင်ခံစားခွင့်ရမည်ဖြစ်သည်။

အမျိုးသားအနိမ့်ဆုံးလုပ်ခလစာဆိုင်ရာကောင်စီက လာမည့်နှစ်အတွက် လုပ်ခလစာကို ၂၀၆ ဒေါ်လာသာ တိုးမြှင့်ပေးသော်လည်း ဝန်ကြီးချုပ်က နောက်ထပ်နှစ်ဒေါ်လာတိုးမြှင့်ပေးကာ ၂၀၈ ဒေါ်လာသတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။ထို့ပြင် အလုပ်သမားများသည် ရက်မှန်ကြေးနှင့် လမ်းစရိတ်တို့အတွက် ၁၇ ဒေါ်လာထပ်မံရရှိမည်ဖြစ်သည်။

Ref: Xinhua

### တရုတ်(တိုင်ပေ)ကို လက်နက်တပ်ဆင်မှုရပ်တန့်ရန် တရုတ်သတိပေး

အမေရိကန်အနေဖြင့် တရုတ်(တိုင်ပေ)ကိုလက်နက်တပ်ဆင်ပေးနေမှုချက်ချင်းရပ်တန့်ရန် တရုတ်အစိုးရက စက်တင်ဘာလ ၁၉ ရက်တွင် သတိပေးလိုက်ကြောင်း သိရသည်။

အမေရိကန်က တရုတ် (တိုင်ပေ)သို့ လက်နက်များရောင်းချရန် စီစဉ်နေမှုနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းမှုကို နိုင်ငံတော်ကောင်စီ၏ထိုင်ဝမ်ရေးရာရုံးမှ ပြောရေးဆိုခွင့်ရှိသူက ယခုကဲ့သို့သတိပေးလိုက်ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံပိုင်ဖြစ်သော ထိုင်ဝမ်ဒေသက လုပ်ဆောင်နေသည့်လွတ်လပ်ရေးကြိုးပမ်းမှုကို ထောက်ခံခြင်းမပြုဟူသောကတိကိုလည်း တိကျသောဆောင်ရွက်ချက်များနှင့်အတူ တည်အောင်စောင့်ထိန်းရန်တိုက်တွန်းကြောင်း ပြောရေးဆိုခွင့်ရှိသူ ချန်းပင်ဟွာက အမေရိကန်အစိုးရကို တိုက်တွန်းထားကြောင်းသိရသည်။

Ref: Xinhua

### အစ္စရေးက ကလေးငယ်အခွင့်အရေးကိုချိုးဖောက်နေဟု ကုလပြော

အစ္စရေးသည် ဂါဇာဒေသ၌ ကလေးငယ်များ၏အခွင့်အရေးကိုချိုးဖောက်နေသည်ဟု ကုလသမဂ္ဂ၏ကော်မတီတစ်ခုက စက်တင်ဘာလ ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။

အထူးသဖြင့် အစ္စရေး၏ ဂါဇာဒေသအပေါ်စစ်ရေးတိုက်ခိုက်မှုများက ကလေးငယ်များအပေါ် ကြီးစွာသောသက်ရောက်မှုဖြစ်ပေါ်စေကြောင်း၊ လက်ရှိအချိန်အထိ ကလေးငယ် ၁၁၃၅၅ ဦးသေဆုံးကြောင်းနှင့် ကလေးငယ်များသေဆုံးမှုက သမိုင်းတစ်လျှောက်စံချိန်တင်လောက်ကြောင်း ကုလသမဂ္ဂမှတာဝန်ရှိသူ ဘရာဂီဂတ်ဘရန်းဆန်ကပြောသည်။

သို့သော် ကုလသမဂ္ဂဆိုင်ရာအစ္စရေးကိုယ်စားလှယ်က အစ္စရေးစစ်ဘက်အနေဖြင့် ဟားမက်တို့ကိုသာ ချေမှုန်းခြင်းဖြစ်ကြောင်း၊ အရပ်သားများကို ပစ်မှတ်ထားခြင်းမရှိကြောင်း၊ ဟားမက်များက အရပ်သားများကြားတွင် ပုန်းခိုနေသည့်အတွက် ထိုသို့ထိခိုက်မှုများရှိလာခြင်းဖြစ်ကြောင်း ယခုလအစောပိုင်းတွင် ပြောထားသည်ဟု သိရသည်။

Ref: TST

### တိုင်ဖွန်းမုန်တိုင်းပူလာဆန် ကျဲ့ကျန်းပြည်နယ်သို့ဝင်ရောက်

တိုင်ဖွန်းမုန်တိုင်းပူလာဆန်သည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် ကုန်းတွင်းပိုင်းသို့ စက်တင်ဘာလ ၁၉ ရက် ည ၆ နာရီ မိနစ် ၅၀ တွင် စတင်ဝင်ရောက်လာကြောင်းသိရသည်။

ကုန်းတွင်းပိုင်းသို့ဝင်ရောက်စဉ် မုန်တိုင်း၏ဗဟိုချက်အနီးလေတိုက်နှုန်းသည် တစ်စက္ကန့်လျှင် ၂၅ မီတာရှိပြီး ကျို့ရှန်းမြို့ကို ဦးစွာဝင်ရောက်တိုက်ခတ်ကြောင်း ပြည်နယ်တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

ထို့နောက် မုန်တိုင်းသည် ဟန်ကျိုးပင်လယ်အော်သို့ဝင်ရောက်ပြီး ကျဲ့ကျန်းပြည်နယ်ရှိပင်းဟူဒေသနှင့်ရှန်ဟိုင်း၏ပူတုန်ဒေသတို့ကြားမှနေ၍ ကမ်းရိုးတန်းဒေသတစ်လျှောက်သို့ ဖြတ်သန်းတိုက်ခတ်မည်ဖြစ်သည်။

အဆိုပါမုန်တိုင်းသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ၁၄ လုံးမြောက်မုန်တိုင်းဖြစ်ပြီး ကုန်းတွင်းပိုင်းသို့ရောက်ပြီးနောက် အားလျော့သွားမည်ဟု တာဝန်ရှိသူများက ပြောသည်။

Ref: Xinhua

### အီတလီနိုင်ငံမြောက်ပိုင်း၌ ရေကြီးမှုများဖြစ်ပွား

ဥရောပဒေသအလယ်ပိုင်းတစ်လျှောက် မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် အီတလီနိုင်ငံမြောက်ပိုင်းရှိ အမ်မလီယာ–ရိုမက်နာဒေသ၌ စက်တင်ဘာလ ၁၉ ရက်တွင် ရေကြီးမှုများဖြစ်ပွားကြောင်းနှင့် ပြည်သူများမှာနေအိမ်စွန့်ခွာပြီး ကျောင်းများကိုပိတ်လိုက်ရကြောင်း သိရသည်။

ထို့ပြင် ရေကြီးမှုကြောင့် ဆီနီယိုမြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားပြီးနောက် လူဂိုမြို့ရှိ မြေညီထပ်တွင်နေထိုင်သူများအနေဖြင့် ဘေးကင်းရာသို့ပြောင်းရွှေ့နေထိုင်ကြရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

မုန်တိုင်းတစ်လုံးဖြစ်သည့် ဘောရစ်တိုက်ခတ်မှုကြောင့် ရိုမေးနီးယားမှသည် ပိုလန်နိုင်ငံအထိ ပါဝင်သောဒေသများ၌ ပြီးခဲ့သည့်သီတင်းပတ်တွင် ဆယ်စုနှစ်နှစ်ခုအတွင်း အဆိုးဆုံးသောရေကြီးမှုများဖြစ်ပွားကြောင်းနှင့် လူ ၂၃ ဦးသေဆုံးထားကြောင်းသိရသည်။

Ref: TST

# လက်ဘနွန်တွင် ဆက်သွယ်ရေးပစ္စည်းများပေါက်ကွဲမှု ၃၇ ဦးသေဆုံး ၃၀၀၀ နီးပါးဒဏ်ရာရ

ဘေရွတ်၊ အကြမ်းဖက်မှု

လက်ဘနွန်နိုင်ငံတွင် ဆက်သွယ်ရေးပစ္စည်းများဖြစ်သည့် ပေ့ဂျာများနှင့် လက်ကိုင်ရေဒီယိုများပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၃၇ ဦးနှင့် ဒဏ်ရာရရှိသူ ၃၀၀၀ နီးပါးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးက စက်တင်ဘာလ ၁၉ ရက်တွင်ပြောသည်။

စက်တင်ဘာလ ၁၇ ရက်တွင်ဖြစ်ပွားသောပေ့ဂျာများပေါက်ကွဲမှုမှ ၁၂ ဦးသေဆုံးပြီး ၂၃၂၃ ဦးဒဏ်ရာရရှိကာ ဒဏ်ရာရသူများအနက် ၂၂၆ ဦးမှာ ဆေးရုံတက်နေရဆဲဖြစ်သည်။

အလားတူ စက်တင်ဘာလ ၁၈ ရက်တွင်ဖြစ်ပွားသော လက်ကိုင်ရေဒီယိုများပေါက်ကွဲမှုက လူ ၂၅ ဦး သေဆုံးစေပြီး ၆၀၈ ဦးကိုဒဏ်ရာရစေကာ ၎င်းတို့အနက် ၆၄ ဦးမှာ ဆေးရုံတက်နေရဆဲဖြစ်သည်။

စက်တင်ဘာလ ၁၉ ရက်တွင်လက်ဘနွန်အရပ်ဘက် လေကြောင်းလိုင်းမှ ညွှန်ကြားရေးမှူးချုပ်က လေကြောင်းလိုင်းများအားလုံး ပေ့ဂျာများနှင့်လက်ကိုင်ရေဒီယိုများကို လေယာဉ်ပေါ်တင်ဆောင်ခြင်းမပြုရန်တားမြစ်ထားသည်။ ထိုသို့ပေါက်ကွဲမှုများကို အစ္စရေးထောက်လှမ်းရေးဘက်က လုပ်ဆောင်ခြင်းဖြစ်သည်ဟု အချို့ကစွပ်စွဲထားသည်။

Ref: Xinhua



# ရုရှားက ယူကရိန်း၏ပင်မဆက်သွယ်ရေးစခန်းကို တိုက်ခိုက်လိုက်နိုင်ဟုဆို

မော်စကို၊ စစ်ရေး

ရုရှားစစ်ဘက်သည် ယူကရိန်း၏ ဆက်သွယ်ရေးစခန်းတစ်ခုကို တိုက်ခိုက်လိုက်နိုင်ကြောင်းနှင့် အခြားဦးစားပေးပစ်မှတ်များကိုလည်းတိုက်ခိုက်လိုက်နိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၉ ရက်တွင်ထုတ်ပြန်ထားသည်။

ရုရှား၏စစ်လေယာဉ်များ၊ ဒရုန်းများ၊ ဒုံးကျည်များနှင့် အမြောက်များအသုံးပြုပြီး ယူကရိန်းစစ်ဘက်ထောက်လှမ်းရေးဌာနက အသုံးပြုနေသော ပင်မရေဒီယိုဆက်သွယ်ရေးစခန်းနှင့် အရေးကြီးလေယာဉ်ကွင်းမှ အဆောက်အဦများကို တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မည်သည့်ဒေသရှိ စစ်ဘက်ပစ်မှတ်များကိုတိုက်ခိုက်ခဲ့သည်နှင့်ပတ်သက်၍ ထုတ်ပြန်ချက်တွင်မဖော်ပြထားသော်လည်း ခါကော့နှင့်ဆူမီဒေသတို့၌ စက်တင်ဘာလ ၁၈ ရက်ညပိုင်းတွင် ပေါက်ကွဲသံများကြားရကြောင်း ယူကရိန်းသတင်းဌာနများက ဖော်ပြထားသည်။ ထို့ပြင် ခါကော့ဒေသကို တိုက်ခိုက်ရာ၌ ရုရှားက အမြင့်ပျံဒုံးကျည်များအသုံးပြုခဲ့ခြင်းဖြစ်သည်ဟု ယူကရိန်းတာဝန်ရှိသူများကပြောသည်။

Ref: RT

# Knowledge Management and Dedication (KMD) Training Center တွင် IT ပိုင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချနေမှုအား ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၁၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၃၁)ရှိ Knowledge Management and Dedication (KMD) Training Center ၌ IT ပိုင်းဆိုင်ရာ နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံက Knowledge Management and Dedication (KMD) Company Limited ကို ၁၉၈၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းချောင်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့ရှိ KMD Training Center သုံးခုသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အသိအမှတ်ပြုသင်တန်းကျောင်းအဖြစ် အသိအမှတ်ပြုလက်မှတ်ရရှိထားမှု၊ KMD သင်တန်းကျောင်း အနေဖြင့် အဝေးသင်တက္ကသိုလ်နှင့်ပူးပေါင်း၍ Network Diploma၊ Web Design Diploma နှင့် Business Diploma များသင်ကြားပေးနေမှု၊ University of Greenwich၊ NCC Education စသည့် အင်္ဂလန်နိုင်ငံမှ တက္ကသိုလ်များ၊ ၂၀၂၄ ခုနှစ်အတွင်း သင်တန်းသားဦးရေ၁၀၀၀ ကျော်မွေးထုတ်ပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လူငယ်လူရွယ်များကို IT ပညာရပ်များဖြင့် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့်သင်တန်းသားများ ပညာရေးဆုံးခန်းတိုင်ပြီးဆုံးစေရန် ပေါင်းကူးချိတ်ဆက်ပေးနိုင်မည့်နည်းလမ်းများဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း၍ ပံ့ပိုးကူညီပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)



## နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များ အနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်

### သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၀-၅-၂၀၂၁)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၂၁ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ာဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**■ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ** အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅ သန်းတန်ဖိုးရှိပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(Oral Cholera Vaccine-OCV) ၂ ဒသမ ၄၅ သန်း doses သည် စက်တင်ဘာလ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် လေယာဉ်အမှတ် WW211 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့လွှဲပြောင်းပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဗဟိုကာကွယ်ဆေးအအေးခန်း(ရန်ကုန်)သို့ အအေးလမ်းကြောင်းမပြတ်ပို့ဆောင်ခဲ့သည်။

အဆိုပါကာကွယ်ဆေးများကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်၊ ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းများ၊ သီလရှင်ကျောင်းများ၊ ပရဟိတဂေဟာကျောင်းများ၊ ဘာသာရေးကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ကယ်ဆယ်ရေးစခန်းများ၊ ဈေးများ၊ အစားအသောက်ဆိုင်တန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အကျဉ်းထောင်များ၊ လူနေထူထပ်ပြီး သန့်ရှင်းသောသောက်သုံးရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းသော နေရာများတွင် တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများအလိုက် ဦးစားပေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

မုန်တိုင်းရာဂိ၏သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့်ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို ၂၁-၉-၂၀၂၄ ရက်(စနေနေ့) မွန်းလွဲ(၂)နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှု၊ ရေဘေးသင့်ပြည်သူများအားထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် သဒ္ဓမ္မနဒီ(ရေဝတီ) သီလရှင်စာသင်တိုက်သို့ သွားရောက်၍ စားသောက်ဖွယ်ရာများ လှူဒါန်းပြီး ကျောင်းတိုက်ရေဝင်ရောက်နေမှုအခြေအနေကိုကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ဧရိယာများရှိ သီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး သီးနှံများအမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး၊ အနည်းငယ်ထိခိုက်ပျက်စီးသည့် လယ်ယာမြေများ ပန်းတိုင်အထွက်နှုန်း ကောင်းမွန်စေရေးအတွက် မြေဩဇာနှင့်သွင်းအားစုများ ထောက်ပံ့ပေးရေး၊ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးဆောင်ရွက်မည့် အစီအမံများရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရေး၊ ဆည်မြောင်းများ၊ ရေသွင်းရေထုတ်လက်တံမြောင်းများအမြန်ဆုံးပြုပြင်ရေး၊ လယ်ယာမြေနှင့် အခြားကဏ္ဍများ ပျက်စီးဆုံးရှုံးမှုစာရင်းများကို မှန်ကန်မှုရှိအောင် ပြုစုတင်ပြရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည့် နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ၊ ဇီးဖြူတန်းကျေးရွာ၊ ရေကာကျေးရွာ၊ ညောင်ပင်သာကျေးရွာတို့သို့ သွားရောက်၍ ရေနစ်မြုပ်ခဲ့သည့် လယ်မြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ရေသွင်းရေထုတ်မြောင်းများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းကျေးရွာများရှိရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# အနောက်တောင်မုတ်သုံလေ ဆုတ်ခွာခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၉**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ (မိုး/ဇလ)




၂၀၂၄ခုနှစ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ
အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့် ရက်ပြပုံ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၄.၄˚c |
| ရန်ကုန် | ၂၄˚c | / | ၃၅.၀˚c |
| မန္တလေး | ၂၆˚c | / | ၃၅.၈˚c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ချေးငွေလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့်ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများ၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမဦးစီးမှူးများ၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက သဘာဝဘေးကြောင့် ပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ် ငါးခု၊ မြို့နယ် ၂၁ ခု၊ သမဝါယမအသင်း ၁၅၄ သင်း၊ အသင်းသား ၃၉၈၇ ဦး၏ မိုးစပါးလယ်ဧက ၇၂၂၆ အတွက် ထိုင်းနံကောက်၊ GW–11 စသည့် မျိုးထုတ်လုပ်သည့် ကုမ္ပဏီများနှင့်ချိတ်ဆက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက အခြေခံသမဝါယမအသင်း BOD များကိုပေးပြီး BOD များမှတစ်ဆင့် အသင်းသားများကို သီးနှံပေါ်ပေးစနစ်ဖြင့် စက်တင်ဘာလအတွင်း ပြီးပြတ်အောင် မျိုးများမြန်မြန်ဖြန့်ဝေပေးသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမဦးစီးမှူးများ၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့မှ ဆောက်လုပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးဝင်းဖေ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ရှမ်းပြည်နယ်အစိုးရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များကို စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လမ်းများ လမ်းအင်္ဂါရပ်များဖြင့်ညီစေရန်နှင့် လမ်းညွှန်အမှတ်အသားများကို စနစ်တကျဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် အင်ဂျင်နီယာချုပ် ဦးကျော်မျိုးထွဋ်တို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ဝန်ထမ်းများအတွက် ငွေကြေးနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သွေးတွင်းအဆီဓာတ်တိုင်းတာသည့် ပစ္စည်း (Point-of-care test for lipids)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများကို ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်-၀၉-၇၈၀၈၂၀၀၁၃၊ ၀၉-၈၈၁၁၁၂၂၀၅ နှင့် ၀၉-၂၆၉၄၄၇၄၁၇ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းအတွက်ဈေးနှုန်းတင်သွင်းလွှာ-

(က) စတင်ရောင်းချမည့်ရက် - ၂၀-၉-၂၀၂၄(သောကြာနေ့)၊ နံနက် ၁၀:၀၀ နာရီ

(ခ) အိတ်ဖွင့်တင်ဒါပိတ်ရက် - ၄-၁၀-၂၀၂၄(သောကြာနေ့)၊ မွန်းလွဲ ၂:၀၀ နာရီ

(ဂ) ရောင်းချမည့်နေရာ - ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
## တတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဟားခါးမြို့၊ မြို့တော်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း တတိယအကြိမ် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်၊ နေရာ - ၂၀-၉-၂၀၂၄ ရက်(သောကြာနေ့) နံနက်(၀၉၃၀)နာရီမှ ညနေ(၁၆၃၀)နာရီထိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၉-၁၀-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ(၁၄၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းမည့်နေရာ - ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း အချိန်မီတင်သွင်းခြင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့် နေရာ - သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း(၀၉-၃၄၆၁၈၉၉၃၄၊ ၀၉-၄၃၀၁၀၁၃၈)နှင့် ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ရန်ကုန်-မန္တလေးလမ်း၊ ဦးပိုင်အမှတ်(၁၇/စ ကျီတော်ကုန်း)၊ မြေကွက်အမှတ်(၁၉)နေ ဒေါ်ခင်မျိုးကြည်(၉/မလန(နိုင်)၀၉၁၄၅၄)ကိုင်ဆောင်သူမှ (အလျား ၃၅'-၀" x အနံ ၃၀'-၀")RC(၂)ထပ်ခွဲ အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

မရှင်မေး(ဘ)ဦးပေါက်ကြူ ၁၃/နခန(နိုင်)၀၉၃၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ အုန်ဒါန်ရွာနေ ဆုမွန်သော်(ဘ)ဦးစိုးဝင်းမောင် ၉/မကန(နိုင်)၁၃၂၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 575213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၀၆၄၇၃၄၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ အ.ထ.က Grade-12 တွင် ပညာသင်ကြားနေသော မောင်ရဲထက်အောင်ကျော်၏ဖခင် ဦးစန်းဦး၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၂၉၄၀၆ အရ ဦးဆန်းဦးဖြစ်ပါကြောင်း။ **ဦးဆန်းဦး**

### အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်နေ အဘဦးကျော်သူလင်း ၇/အဖန(နိုင်)၀၇၉၅၈၂ ၏သား မောင်ဝေဘုန်းခန့်အား မောင်လင်းသုတအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းသုတအောင်**

### အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁)၊ စတုတ္ထတန်း(E) မှ ပညာသင်ကြားနေသော အဘဦးကျော်သူလင်း ၇/အဖန(နိုင်)၀၇၉၅၈၂ ၏သမီး မအိရွှေစင်အား မရွှေစင်ဝင့်ထည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှေစင်ဝင့်ထည်**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) ဇေယျာသီရိမှ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်၏ဖခင်ဖြစ်သူ ဦးထွန်းမင်းဦး၏အမည်မှန်မှာ ဦးမင်းမင်းဦး ၉/ပမန(နိုင်)၂၀၃၇၉၇ ဖြစ်ပါကြောင်း။ **ဦးမင်းမင်းဦး**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က(၅) Grade-12(A) တွင် ပညာသင်ကြားနေသော နန်းစီစီအောင်၏ဖခင်အမည်မှန်မှာ ဦးခွန်ဦးသာ ၁၃/ပလန(နိုင်)၀၄၉၅၅၃ ဖြစ်ပါကြောင်း။ **ဦးခွန်ဦးသာ**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ ကျိုက္ကော် အခြေခံပညာအထက်တန်းကျောင်း Grade(12)တွင် ကျောင်းဝင်အမှတ်(ခ-၀၃၂၂)ဖြင့် ပညာသင်ကြားနေသော မောင်ကျော်ဇေယျာသိန်း၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဆန်း ၁၀/သထန(နိုင်)၀၈၉၁၁၆ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ဆန်း**

### ပျောက်ဆုံးကြောင်း

ကဝမြို့၊ သရက်ကုန်းရွာနေ ဇင်လတ်ချို(ဘ)ဦးမြင့်ထွေး ၇/ကဝန(နိုင်)၂၂၀၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၉)လမ်း၊ အေးရိပ်မွန်၊ တိုက်(၆/၁၀၃)နေ ကေဇင်ခိုင်မြင့်(ဘ)ဦးခင်မောင်မြင့် ၆/မအရ(နိုင်)၁၁၃၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၆)၊ ရပ်ကွက်(၁၂)နေ ရှိုင်းထက်အောင်(ဘ)ဦးနေအောင် ၁၃/လရန(နိုင်)၂၆၄၃၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 112528)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့်လူနာများအတွက် ခွဲစိတ်ခန်းသုံးဆေးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၂၀-၉-၂၀၂၄(သောကြာနေ့)

တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက်/အချိန် - ၃-၁၀-၂၀၂၄(ကြာသပတေးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

### ပျောက်ဆုံးကြောင်း

ဖြိုးသူရကျော်(ဘ)ဦးစောအောင်နိုင်လွင် ၁၂/ကတတ(နိုင်)၀၁၃၅၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 688784)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

သဲအိန္ဒြာဝင်း(ဘ)ဦးသုတဝင်း ၁/မကန(နိုင်)၂၄၄၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၇၈၀၆၀၅

### ပျောက်ဆုံးကြောင်း

မကျိန်းရှု(ဘ)ဦးလီးရင်ဆန် ၁၃/နခန(နိုင်)၀၉၃၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၆)၊ ရပ်ကွက်(၁၂)နေ ရည်ရည်လှိုင်(ခ)လင့်နား(ဘ)ဦးမေလျှင်ဖန် ၁၃/လရန(နိုင်)၁၁၀၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 112529)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်ပြောင်း

ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ Grade-3(C) မှ ဦးလှထွန်းအောင်၏သမီး မသီရိထွန်းပြည့်အား မရွှန်းလဲ့စံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှန်းလဲ့စံ**

### ပျောက်ဆုံးကြောင်း

မင်းချမ်းလွန်(ဘ)ဦးဟံစိန် ၃/ဘအန(နိုင်)၁၃၄၈၅၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MC 867534)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အလိမ္မာစာမှာရှိ**

### အစုရှယ်ယာလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "SOUTHERN NAVIGATORS MARITIMES COMPANY LIMITED" ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း 1,061,100,000/- (ကျပ်သိန်းတစ်သောင်း ခြောက်ရာတစ်ဆယ့်တစ်သိန်းတိတိ) မှ ကျပ်သိန်း 61,100,000/- (ကျပ်သိန်းခြောက်ရာတစ်ဆယ့်တစ်သိန်းတိတိ)သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

SOUTHERN NAVIGATORS MARITIMES COMPANY LIMITED
U MYO MIN WIN

## EGALITE MYANMAR COMPANY LIMITED
### (လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ)
### အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့် နောက်ဆုံးအစည်းအဝေး Final Meeting for Dissolution တက်ရောက်ရန်ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၃၆၅၂၅၇၉၄ အား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးကျော်ခိုင်လင်း၏ ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြ၍ ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

U Kyaw Khine Lin
Certified Public Accountant
Liquidator
Member of Myanmar Association of Insolvency Practitioners
Building F, Room 12/4, Pearl Condo, Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar.

## Company Registration No.120501720
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ
### ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ ASHRO STAR LIMITED အား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂-၉-၂၀၂၄)ရက်နေ့၌ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်မောင်၊ B.A.,C.P.A.,L.C.M.A(Part II London) အမှတ် ၃၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအားပေးရန်ရှိသူ မြီစားများသည် ဤကြော်ငြာချက်ပါရှိသည့်နေ့မှ တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခိုင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

KYAW MG
B.A.,C.P.A.,R.A.,LCM.A.,
PART II (LONDON)
Certified Public Accountant & Auditor

U ASHOK KUMAR
MANAGING DIRECTOR
ASHRO STAR LIMITED

## Company Registration No.125648541
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ
### ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ ASHRO INSURANCE SERVICES LIMITED အား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂-၉-၂၀၂၄)ရက်နေ့၌ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ် အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်မောင်၊ B.A.,C.P.A.,L.C.M.A(Part II London) အမှတ် ၃၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအားပေးရန်ရှိသူ မြီစားများသည် ဤကြော်ငြာချက်ပါရှိသည့်နေ့မှ တစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခိုင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

KYAW MG
B.A.,C.P.A.,R.A.,LCM.A.,
PART II (LONDON)
Certified Public Accountant & Auditor

U ASHOK KUMAR
MANAGING DIRECTOR
ASHRO INSURANCE SERVICES LIMITED

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လွိုင်ကော်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။




စေတနာရှင်၊ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ဆန်အိတ်များ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က လယ်ဝေးမြို့နယ်ရှိ ကျေးရွာများ၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လယ်ဝေးမြို့နယ်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေကျဆင်းသွားသဖြင့် တင်ကျန်နေသောနုန်းများနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်တွင် လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နှင့် လွိုင်လင်လေးမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင်လည်းကောင်း ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

၎င်းအပြင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များကလည်း ရေဘေးသင့်ပြည်သူများအတွက်စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စေတနာရှင်အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၀၉၃၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘောလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များရှိရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သောမြို့နယ် ၅၃ မြို့နယ်တွင် ယနေ့နံနက် ၇ နာရီအချိန်အထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၄၇၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၆၈၇၀၄ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၉၃ ဦးသေဆုံး၊ ၈၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်းစုစုပေါင်း ၄၂၅ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၇၀၁၉ စု၊ လူဦးရေ ၁၆၁၅၉၂ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သောထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရုံး/ဌာန အဆောက်အဦ ၁၁၃ လုံး၊ စာသင်ကျောင်း ၉၁၉ ကျောင်း၊ ဘာသာရေး အဆောက်အဦ ၃၃၁ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ တိရစ္ဆာန်မျိုးစုံ စုစုပေါင်းကောင်ရေ ၁၂၉၁၅၀ ကောင် သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံစိုက်ဧက ၇၆၆၅၈၆ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံး အရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S)သို့မဟုတ်(B.D.S)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(**မူရင်း**)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ(**Grading Certificate**)အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေးစစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး(သို့မဟုတ်) သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၁၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၅၂၂၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၈၁၄၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၆၆၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၁၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၂၈)ပီပါနှင့် ဓာတ်ဆီ (၃၇)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၅၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ၎င်းဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တန်းမြို့နယ်၊ ချောင်းဝကျေးရွာ၊ ရန်ကုန်မြစ်ဝအတွင်း၌ စက်လှေ(၁)စင်းပေါ်မှ တရားမဝင်အခြားသစ် (၉ ဒသမ ၀၆၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၂၇၀၄)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်လှေ(၁)စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် လှည်းကူးမြို့နယ်၊ ဆားတလင်းကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားမဝင်အခြားသစ် (သုည ဒသမ ၉၅၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၈၅၆) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Town Ace မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၈၁၅၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ ဆိုင်ကယ်အပိုပစ္စည်း (၁၀)မျိုးနှင့် စက်ဘီးအပိုပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၉၄၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်တိုးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၁၂၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၀၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့၊ ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးအနီး၌ ရပ်တန့်ထားသော ဆီသယ်ယာဉ်(၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ (၆၄)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၇၇၅၈၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Hino Bowser ဆီသယ်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၆၇၇၅၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၁၈ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၀) ၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၈၃၂၃၄၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း (၁၀ ဒသမ ၀၉၇၀)တန်၊ သစ်မာ (၁ ဒသမ ၂၀၃၀)တန်၊ အခြား (၁၀ ဒသမ ၇၈၄၀)တန် စုစုပေါင်း (၂၂ ဒသမ ၀၈၄၀)တန်၊ ယာဉ်/ ယန္တရား (၇)စီး၊ တရားခံ (၃)ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၂၄(သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၁၀:၅၀ ကျန်းမာသုတ
၅။ ၁၁:၂၀ အတွေးအမြင်
၆။ ၁၁:၃၀ မြတ်ဗုဒ္ဓ၏သာသနာ
၇။ ၁၁:၅၀ မြန်မာ့လက်သံ
၈။ ၁၂:၁၅ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၉။ ၁၆:၄၀ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၈:၁၅ အတွေးအမြင်
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၁၉:၀၀ **(၁၉၉၅) ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ ဟာသ်ရွှေအငြိမ့် (တောင်ပိုင်းတိုင်းစစ်ဌာနချုပ်)၊ (ပထမပိုင်း)**

**ပျောက်ဆုံးကြောင်း**
နန့်ခင်နှင်းဝေ(ဘ)မန်းအီစွတ် ၁၄/ကပန(နိုင်)၁၃၆၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ပျောက်ဆုံးကြောင်း**
နန်းရွှေ(ဘ)ဦးတစ် ၁၀/ကမရ(နိုင်)၀၉၀၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၄၄၄၉၀၉

**ပျောက်ဆုံးကြောင်း**
သီတာမိုး(ဘ)ဦးဝင်းတင် ၁၂/မရက(နိုင်)၁၄၇၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 599045)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၉၂၉၆၂

**ပျောက်ဆုံးကြောင်း**
ဆောင်နှင်းလှိုင်(ဘ)ဦးသိန်းလှိုင် ၈/ငဖန(နိုင်)၀၅၀၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 132943)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ငြိမ်းငြိမ်းစိုး(ဘ)ဦးကျော်ရွှေ ၁၄/ကကထ(နိုင်)၁၈၆၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 325274)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ပျောက်ဆုံးကြောင်း**
ဇင်ကိုထိုက်(ဘ)ဦးမြင့်ဝင်း ၁၂/သလန(နိုင်)၁၅၇၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 962295)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဆုမွန်ကျော်(ဘ)ဦးညွန့်ဆိုင် ၇/လပတ(နိုင်)၁၉၂၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 225147)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ချမ်းသာ(ဘ)ဦးအုံးလွင် ၁၄/ဒဒရ(နိုင်)၁၉၅၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 127617)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သီရိကောင်းမြတ်(ဘ)ဦးကောင်းမြတ်သူ(ခ)မြတ်ကျော် ၉/မလန(နိုင်)၁၈၄၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မေဆန်းရီ(ဘ)ဦးသံသီးအောင် ၁၁/ကတန(နိုင်)၀၁၉၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်ခိုင်(ဘ)ဦးမောင်ညွန့် ၁/မညန(နိုင်)၀၇၀၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၃၄၆၁၆၄

**ပျောက်ဆုံးကြောင်း**
သန်းသန်းဦး(ဘ)ဦးစိန်မောင် ၁၂/မဂတ(နိုင်)၀၄၆၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၈၉၄၄၁

**ပျောက်ဆုံးကြောင်း**
မွန်မွန်သက်(ဘ)ဦးအောင်သက်ဦး ၁၂/သကတ(နိုင်)၁၆၆၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 607585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၈၆၈၇၉၃၀

**ပျောက်ဆုံးကြောင်း**
စနေမောင်မောင်(ဘ)ဦးလှညွန့် ၈/မကန(နိုင်)၃၁၀၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 323496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဌေးဌေး(ဘ)ဦးစံလွင် ၅/ကလတ(နိုင်)၀၆၄၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH128101)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျိန်စောင်းကျိန်(ဘ)ဦးကျိန်ရင်ချွန် ၁/မညန(နိုင်)၀၇၂၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ကျော်မိုး(ဘ)တောင်ကျင်မောင်(ခ)သိန်းလွင် ၉/မနမ(နိုင်)၀၁၈၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သဇင်ကြည်(ဘ)ဦးလှကြည် ၉/မရမ(နိုင်)၀၀၀၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇



မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ထားဝယ်-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့




INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK
MYANMAR ECONOMIC CORPORATION
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၄)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ပို့ကုန် (Export)တိုးမြှင့်နိုင်ရန်လို. . .**

❖ **ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်. . .**

❖ **Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)



## ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လှူဒါန်းသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး(OCV) ၂ ဒသမ ၄၅ သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ဆောင်ရွက်ရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှလှူဒါန်းသည့် **စာမျက်နှာ ၂၄ ကော်လံ ၄** ■

## ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးမည့်ရက်ပြောင်းလဲခြင်း

စာ - ၂၆ သို့

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

စာ - ၂၈ သို့

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၁၉-၉-၂၀၂၄)ရက်နေ့

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝါးတီးကျေးလက်ကျန်းမာရေးဌာနအပိုင်၊ ဝက်ဖြူကုန်းကျေးရွာ၊ ရွှေဖြူရတနာစာသင်တိုက်တွင် (၁၈-၉-၂၀၂၄)ရက်နေ့၊ နံနက်ပိုင်း၌ အလှူရှင်များမှ လာရောက်လှူဒါန်းသော ကြာဆံကြော်၊ အချဉ်နှင့်ထမင်း၊ ကြက်ဥမန်ကျည်းမှည့်ချက်များအား ကျေးရွာနေပြည်သူများက စားသုံးပြီးနောက် ည(၈:၀၀) နာရီခန့်တွင် ဗိုက်နာခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းစသည့် အစာအဆိပ်သင့်ရောဂါလက္ခဏာများဖြစ်ပွား၍ ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့သို့ ပြင်ပလူနာအဖြစ် (၆၈)ဦး၊ အတွင်းလူနာအဖြစ်(၆၅)ဦး လာရောက် **စာမျက်နှာ ၇ ကော်လံ ၁** ●



တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာများဆေးကုသမှုခံယူစဉ်။

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။